မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက်၊ ၂၀၀၇ ခုနှစ်၊ ဧပြီ ၂၀ ရက်၊ သောကြာနေ့၊ အတွဲ(၄၆)၊ အမှတ် (၁၉၇)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့် အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

လားရှိုးမြို့ သီရိမင်္ဂလာ မန်ဆူရှမ်းကျောင်းရှိ မဟာမြတ်မုနိပုံတော် (နှီးဘုရား)အား ဖူးတွေ့ရစဉ်။ (သတင်းစဉ်)

လားရှိုးမြို့ မဟာမြတ်မုနိပုံတော်(နှီးဘုရား) ဌာပနာတော်သွင်း အလှူတော်မင်္ဂလာကျင်းပ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင် တက်ရောက်ကြည်ညို

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြစဉ်။ (သတင်းစဉ်)

နေပြည်တော် ဧပြီ ၁၉

မန္တလေးတိုင်း ပြင်ဦးလွင်မြို့၌ရောက်ရှိနေသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်ဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ဧပြီ ၁၈ ရက် နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့မှ ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးမြို့သို့ လေယာဉ်ဖြင့် ထွက်ခွာခဲ့ရာ နံနက် ၁၀ နာရီတွင် လားရှိုးလေဆိပ်သို့ ရောက်ရှိသည်။

စာမျက်နှာ ၃ ကော်လံ ၁ ■

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်
(၂၀၀၇ ခုနှစ်၊ ဧပြီလ ၂၀ ရက်)

အနာဂတ်အတွက် စားနပ်ရိက္ခာဖူလုံရေး တိုင်းရင်းသားပြည်သူများ လက်တွဲကြိုးပမ်း

နိုင်ငံတော်၏ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွင် အဓိကလိုအပ်ချက်ဖြစ်သည့် စိုက်ပျိုးရေ ရရှိရေးအတွက် ဆည်မြောင်း၊ တာတမံများ၊ ရေထိန်းတံခါးများ၊ မြစ်ရေတင်စီမံကိန်းများနှင့် မြေအောက်ရေရရှိရေး လုပ်ငန်းများကို ဖြန့်ကြက်တည်ဆောက်ပေးလျက် ရှိသည်။

ရေလှောင်တမံစီမံကိန်းများကို နိုင်ငံတစ်ဝန်း၌ တည်ဆောက်ပေးခဲ့သည့်အတွက် စိုက်ဧက ခုနစ်သန်းကျော်ကို အကျိုးပြုလျက်ရှိပြီး စိုက်ဧကများလည်း တိုးပွားလာလျက် ရှိသည်။

ကတိုက်ရေလှောင်တမံကို မွန်ပြည်နယ် ပေါင်မြို့နယ် ကတိုက်ကျေးရွာအနီး တည်ဆောက်လျက်ရှိရာ မကြာမီ ပြီးစီးတော့မည် ဖြစ်သည်။ ယင်းရေလှောင်တမံသည် မြေသားတမံ အမျိုးအစားဖြစ်ပြီး လယ်ယာမြေဧက ၁၀၀၀၀ကို စိုက်ပျိုးရေ ပေးဝေသွားနိုင်မည် ဖြစ်သည်။

လယ်ယာကဏ္ဍ၏ အဓိကသီးနှံများဖြစ်သော စပါး၊ ကြံ၊ ပဲ၊ ပြောင်းနှင့် ဒေသတွင်း စိုက်ပျိုးဖြစ်ထွန်းသည့် သီးနှံများတိုးချဲ့စိုက်ပျိုးရေးနှင့် တစ်ဧကအထွက်နှုန်းတိုးရေးတို့အတွက် နည်းလမ်းမျိုးစုံတို့ဖြင့် ကြံဆလုပ်ဆောင်သွားကြရမည် ဖြစ်သည်။

ဤကဲ့သို့ ဆည်တမံများ တိုးချဲ့တည်ဆောက်ပေးမှုကြောင့် သီးထပ်သီးညှပ်သီးနှံများ ပိုမိုစိုက်ပျိုးလာနိုင်ပြီး ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားလာလျက်ရှိသည်။ ဆန်စပါးအပြင် ဒေသအတွင်း ဟင်းသီးဟင်းရွက်နှင့် သား၊ ငါးဖူလုံပိုလျှံရေးအတွက် စီမံဆောင်ရွက်နိုင်ရန် ပြည်နယ်/တိုင်း အသီးသီးက ကြိုးပမ်းလုပ်ဆောင်လျက် ရှိသည်။

မြန်မာနိုင်ငံတွင် လူဦးရေ ၅၅သန်းကျော်ရှိရာ လက်ရှိလူဦးရေအတွက် စားနပ်ရိက္ခာ ဖူလုံပိုလျှံသည်သာမက နောင်အနာဂတ်တိုးပွားလာမည့် လူဦးရေအတွက် ဖူလုံစွာစားသုံးနိုင်ရေး မျှော်မှန်းပြီး နိုင်ငံတော်က ယခုကတည်းကပင် အစီအမံများ ချမှတ်ဖော်ဆောင်နေခြင်း ဖြစ်သည်။

သို့ဖြစ်ရာ နောင်အနာဂတ်တွင် စားနပ်ရိက္ခာ ဖူလုံပိုလျှံစေရေးအတွက် ဆောင်ရွက်လျက်ရှိသည့် အမျိုးသားရေးမူဝါဒနှင့် ဦးတည်ချက်များကို အလေးအနက်ခံယူရင်း အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် ဖြစ်ပေါ်လာစေရန် တိုင်းရင်းသားပြည်သူအပေါင်းက ဝိုင်းဝန်းလက်တွဲ ကြိုးပမ်းသွားကြရမည် ဖြစ်ပေသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်တိုင်း ဗိုလ်တထောင်မြို့နယ် ကမ်းနားလမ်း အမှတ်(၄၅၀)ပထပ်နေ ဒေါ်မြငွေ(၇၆) နှစ်ပြည့် မွေးနေ့အဖြစ် ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ ခြောက်ထပ် ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် သုံးသိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချအနုမောဒနာ တရားနာယူပြီး တိ=နိ (ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။
(က-ပ)

နယ်စပ်နှင့်တောင်တန်းဒေသသို့ သက်နီးဒွိစုံများလှူဒါန်း ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် တက်ရောက်ကြည်ညို

ရန်ကုန် ဧပြီ ၁၉

နယ်စပ်နှင့်တောင်တန်းဒေသသို့ သင်္ကန်းဒွိစုံများလှူဒါန်းပွဲကို ယမန်နေ့ မွန်းလွဲ ၂နာရီက ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ သာသနာရေးဝန်ကြီးဌာန (ရုံးခွဲ)၌ ကျင်းပသည်။

တက်ရောက်ကြည်ညို

အခမ်းအနားသို့ အလှူရှင် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် မြသိန်းတန်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တသောဘန ကြွရောက်ချီးမြှင့်တော်မူပြီး သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ)ဒေါက်တာမြင့်ကြည်၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြအောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

လွှဲအပ်လှူဒါန်း

ရေးဦးစွာ အလှူရှင် မြသိန်းတန်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသောဘနက လှူဒါန်းရခြင်းအကြောင်းကို ရှင်းပြတော်မူပြီး ဆရာတော်ကိုယ်စား ကပ္ပိယဖြစ်သူ လုကမ္ဘာပရိဘောဂ ဦးစောလှိုင်က သင်္ကန်းဒွိစုံ ၇၀ကို သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်သို့ လွှဲအပ်လှူဒါန်းကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၀-၄-၂၀၀၇
(သောကြာနေ့)

- ၇း၀၀ MRTV-4 အဖွင့် Logo
- ၇း၀၅ ချမ်းသာချင်ရင် ဒီလိုကျင့်တရားတော် (ရွှေမိုးညိုဆရာတော် အရှင်ဇာနေယျ)
- ၈း၀၅ Myanmar Video Rhythm
- ၈း၃၅ တေးဂီတအစီအစဉ်
- ၈း၄၀ အင်တာနက်လိုင်းစီးရင်း အောင်မြင်မှု လှေကိုလှော်ကြမည်
- ၉း၁၀ ပြည်တွင်းသတင်းအကျဉ်း
- ၉း၂၀ တေးဂီတအစီအစဉ်
- ၉း၂၅ အချိန်ကုန်သက်သာ ရယ်ဒီမိတ်ဟင်းလျာ
- ၉း၄၅ နိုင်ငံတကာသတင်းအကျဉ်း
- ၉း၅၀ Fashion Guide (DOZO Fashion သင်တန်းဆင်းပွဲ)
- ၁၀း၂၀ တေးဂီတအစီအစဉ်
- ၁၀း၂၅ သူ၏အနုပညာနှင့် အလှသစ္စာတရား (စန္ဒရားလှထွတ်)
- ၁၁း၀၅ မိုးလေဝသခန့်မှန်းချက်
- ၁၁း၁၀ နုနယ်နက်ရှိုင်းသော အတွေးတို့မှသည် အဖြူရောင်များပေါ်သို့
- ၁၁း၃၅ တေးဂီတအစီအစဉ်
- ၁၁း၄၀ ရေကောင်းရေသန့်ပေးဝေမည် ရန်ကုန်မြို့နေ ပြည်သူတွေဆီ
- ၁၁း၅၅ ပြည်တွင်းသတင်းအကျဉ်း
- ၁၂း၀၅ နိမ့်၍အနားနှစ်ဖက်ရှည်သော ပန်းအိုးထိုးနည်း (ပန်းအိုးအကြီး)
- ၁၂း၁၀ တေးဂီတအစီအစဉ်
- ၁၂း၂၅ နိုင်ငံတကာသတင်းအကျဉ်း
- ၁၂း၃၅ တေးဂီတအစီအစဉ်
- ၁၂း၄၀ အလျော်အစား (ဇင်ဝိုင်း၊ ငွေစင်သွန်း၊ ခင်သန်းနွယ်) (ဒါရိုက်တာ-ကျော်ဇောလင်း)
- ၁၂း၅၅ တေးဂီတအစီအစဉ်
- ၁း၀၀ MRTV-4 အပိတ်Logo

အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇နာရီမှ မွန်းလွဲ ၁နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇နာရီအထိ တစ်ကြိမ်၊ လေးကြိမ်ဆက်တိုက် ၂၄ နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မြဝတီရုပ်မြင်သံကြား

၂၀-၄-၂၀၀၇
(သောကြာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ မြတ်ဘုရားဒေသနာ ပဋိစ္စသမုပ္ပါဒ်နှင့် ကမ္ဘာ့ဝရှင်းတမ်း
- ၅း၁၀ ၄။ မျိုးချစ်တပ်မတော်
- ၅း၂၅ ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၆း၀၀ ၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၇။ နိုင်ငံတကာသတင်း
- ၆း၂၀ ၈။ မိုးလေဝသသတင်း
- ၆း၂၅ ၉။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- ၆း၃၅ ၁၀။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
- ၆း၅၀ ၁၁။ လျှပ်တစ်ပြက်
- ၇း၀၀ ၁၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရှိတော့ ရှိတယ် ရှားတယ်** (အပိုင်း-၉)
- ၈း၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၄။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- ၁၅။ စိုက်ပျိုးသုတ
- ၁၆။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မိုးနဂါးသိုင်းရှစ်ကွက်** (အပိုင်း-၂၁)

တောဇစက္ကီဝိပဿနာကမ္မဋ္ဌာန်းရိပ်သာ ခုနစ်ရက်တရားစခန်းပွဲ

ရန်ကုန် ဧပြီ ၁၉

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် စခန်းကြီးတောဇစက္ကီ ဝိပဿနာကမ္မဋ္ဌာန်းရိပ်သာကျောင်းတိုက်၏ နှစ်စဉ်ကျင်းပသည့် ခုနစ်ရက်တရားစခန်းပွဲကို ဧပြီ ၃၀ ရက် (ကဆုန်လပြည့်နေ့)မှ မေ ၆ ရက်အထိ ကျင်းပမည်ဖြစ်ပြီး တရားပြဆရာတော်အဖြစ် သာသနဓဇ ဓမ္မာစရိယ ဓာတုမနသိကာရ ပဗ္ဗသာသနာပြု ဓမ္မကထိက ဝိပဿနာ ကမ္မဋ္ဌာနာစရိယ မြင်းမူဆရာတော်က နေ့စဉ် ဟောကြားပြသမည် ဖြစ်သည်။

တရားစခန်းဝင်လိုသူများသည် ဆရာတော် ဦးထေရဝံသ တောဇစက္ကီ စခန်းကြီး ကမ္မဋ္ဌာန်းရိပ်သာ ရွှေညောင်၊ ဦးထွန်းမြင့်(ခ)ဦးမြိုင် ဓနသိဒ္ဓိ(၁၀) ရွှေညောင်၊ ဦးအေးဝင်း၊ ဒေါ်အေးအေးခိုင် ဓနသိဒ္ဓိ (၁၁) ရွှေညောင်နှင့် ဦးထွန်းမြင့် (သမာဓိကုန်မျိုးစုံ)ရွှေညောင်ဈေးတို့ထံ စာရင်းပေးသွင်းနိုင်ကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ လားရှိုးမြို့ မဟာမြတ်မုနိပုံတော်(နီးဘုရား) ဥပနာတော်သွင်း အလှူတော်မင်္ဂလာအခမ်းအနားတွင် ဆရာတော်ထံမှ ကိုးပါးသီလခံယူဆောက်တည်ကြစဉ်။ (သတင်းစဉ်)

■ ရှေ့ဖုံးမှ

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များအား လားရှိုးလေဆိပ်တွင် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ်၊ သိန္နီတပ်နယ်မှ ဗိုလ်မှူးချုပ်သက်ဦး၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ဥပနာတော်သွင်း

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် လားရှိုးမြို့ သီရိမင်္ဂလာမန်ဆူ ရှမ်းကျောင်းသို့ သွားရောက်ကြပြီး မဟာမြတ်မုနိပုံတော် (နီးဘုရား)ဥပနာတော်သွင်း အလှူတော်မင်္ဂလာ အခမ်းအနားသို့ တက်ရောက်ကြည်ညိုကြသည်။

အဆိုပါ အခမ်းအနားသို့ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ လားရှိုးခရိုင်နှင့် မြို့နယ်မှ ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများလည်း တက်ရောက်ကြည်ညိုကြသည်။

မဟာမြတ်မုနိပုံတော်(နီးဘုရား) ဥပနာတော်သွင်း အလှူတော်မင်္ဂလာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်သည်။

ကိုးပါးသီလယူ

ထို့နောက် နိုင်ငံတော်သြဝါဒါစရိယ ကန်မိန်းကျောင်း ဆရာတော်ကြီး အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တမုနိန္ဒထံမှ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့်အဖွဲ့ဝင်များ၊ ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်လက်၍ အခမ်းအနားသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော် သံဃာတော်အရှင်သူမြတ်များက မေတ္တသုတ် ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်ချီးမြှင့်တော်မူကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင် သာသနာ့နွယ်ဝင် သီလရှင်စာသင်တိုက်များအတွက် ဆန်၊ဆီ၊ဆားနှင့် သီလရှင်ဝတ်စုံများကို သီလရှင်ဆရာကြီးများထံ လှူဒါန်းစဉ်။ (သတင်းစဉ်)

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် ဥပနာတော်ပစ္စည်းများကို မဟာမြတ်မုနိပုံတော်(နီးဘုရား)အား ရည်စူး၍ နိုင်ငံတော် သြဝါဒါစရိယ ကန်မိန်းကျောင်း ဆရာတော်ကြီးအား ဆက်ကပ်လှူဒါန်းကြသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် ကန်မိန်းကျောင်း ဆရာတော်ကြီးအား လှူဖွယ်ပစ္စည်းများကိုလည်းကောင်း၊ လားရှိုးမြို့နယ်ရှိ ပရိယတ္တိစာသင်တိုက်ကြီးများအတွက် ဆွမ်းဆန်တော်၊ ဆီ၊ဆားတို့ကိုလည်းကောင်း ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင်က သာသနာ့နွယ်ဝင် သီလရှင်စာသင်တိုက်များအတွက် ဆန်၊ဆီ၊ဆားနှင့် သီလရှင်ဝတ်စုံများကို သီလရှင်ဆရာကြီးများအား လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ကိုယ်စား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယ ဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ်တို့က မဟာမြတ်မုနိပုံတော် (နီးဘုရား)ဦးခေါင်းမဏ်ိတော်အတွင်းသို့ ဥပနာတော် ပစ္စည်းများကို သွင်းလှူပူဇော်ပေးကြသည်။

အမျှပေးဝေ

ယင်းနောက် ပြည်နယ်သံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မန်ဆူ ဘုရားကြီးကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောဏ္ဍညထံမှ အနုမောဒနာတရားတော်နာယူကြပြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် ဗုဒ္ဓသာသနံစိရံတိဋ္ဌတုသုံးကြိမ်ရွတ်ဆို ဆုတောင်းပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီးဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ယနေ့ ဥပနာတော်သွင်းလှူပူဇော်သည့် မဟာမြတ်မုနိပုံတော် (နီးဘုရား)မှာ မကိုဋ်တော်အပါအဝင် ဥဏှိသ်တော်အမြင့် ၁၁ပေ ၆ လက်မ ရှိပြီး ဒူးတော်အကျယ်မှာ ၈ ပေ ၄ လက်မခွဲရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဥပနာတော်ပစ္စည်းများကို မဟာမြတ်မုနိပုံတော် (နီးဘုရား)အား ရည်စူး၍ နိုင်ငံတော်သြဝါဒါစရိယ ကန်မိန်းကျောင်း ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

ပန်းထောင်ပွင့်ဝေ ရှမ်း(တောင်) မြင့်မြေ (၁)

ရတနာစည်ဆရာတော်
(လွိုင်လင်)

ပန်းထောင်ပွင့်ဝေ ရှမ်း(တောင်)မြင့်မြေ၏ ယနေ့ အနေအထား မြင့်မားနှုန်း နှိုင်းဆနိုင်ရန် ယခင်အနေအထားတွေကို ခပ်ပါးပါးမျှ ကိုယ်တွေ့ ပြောပြပါဦးမည်။

ပန်းမဝေသည့် ရှေးအခြေအနေ

ဤအရှင်တို့ တောင်ကြီးမြို့သို့ စတင်ရောက်ရှိချိန်သည် ၁၉၈၀ အကြိုကာလများဖြစ်၍ ထိုစဉ်က တောင်ကြီးမြို့မှာ လမ်းမတော် ဝဲ-ယာ၌သာ တိုက်တာ အိမ်ခြေကောင်းများတည်ရှိပြီး မြို့မဈေးတစ်ဝိုက်သာ လူစည်ကားရာနေရာဖြစ်၏။ ယခုစဝ်စံထွန်းဆေးရုံကြီးသည်ပင် မြို့၏ ဆင်ခြေဖုံးသဖွယ် ဖြစ်ခဲ့၏။ ယခု 'မြောက်ဈေး'ဟု ခေါ်ဝေါ်နေသော အရောင်းအဝယ်စည်ကားရာ စဝ်စံထွန်းဈေးသည် ထိုစဉ်က တစပြင် ဖြစ်ခဲ့သည်။

ယခု စူဠာမုနိလောကချမ်းသာ စေတီတော် စံပျော်ရာကုန်းမြင့်သည် ရှေးယခင်က မြို့စောင့်ကင်းတဲကုန်း ဖြစ်ခဲ့၏။ ယခု 'ကားကြီးကွင်း'ခေါ် အဝေးပြေး ကုန်တင်ယာဉ်ရပ်နားစခန်းနှင့် ရှမ်း(အရှေ့)ယာဉ်စခန်းများ အဖြစ် စည်ကားနေသော နေရာများကား ဟိုစဉ်က ချုံနွယ်ပိတ်ပေါင်းတော ဖြစ်ခဲ့သည်။

ယင်းတို့ကိုထားဘိဦး၊ 'အင်းလေးကန်သာ'ဟု နာမည်ကြီးသော အင်းလေးကန်သည်ပင် တကယ့်လက်တွေ့မှာတော့ 'မသာခဲ့'ပါချေ။ ညောင်ရွှေမြို့ ဖောင်တော်ဆိပ်မှ အင်းလေးရေပြင်ကျယ်သို့ သွားရာ ရေလမ်းတစ်လျှောက် ဗေဒါပင်တွေ အထွေးလိုက်၊ အထပ်လိုက်၊ အအုံလိုက်၊ အပြုံလိုက် တည်ရှိနေခြင်း၊ ထိုစဉ် သက်ဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းများက ဖောင်တော်ဦးဘုရားပွဲတော် နီးလာသောအခါ လူထုအင်အားဖြင့် ရေလမ်းရှင်းပေးခဲ့ကြသော်လည်း ဘုရားပွဲပြီးသွားလျှင် မကြာမတင် ဗေဒါပင်တွေက အင်းတစ်ပြင်လုံး လွှမ်းမိုးလာခြင်းတို့ကြောင့် ဗုံလုံတစ်လုည့် ငါးဖျံတစ်လှည့်ဖြင့်သာ ကာလစားခဲ့ရပါသည်။

ယင်းသို့သော အကျိုးရလဒ်တို့၏ အကြောင်းရင်းမှန်တို့ကို ဓမ္မဓိဋ္ဌာန် ကျကျသုံးသပ်ကာ အနာဂတ်ကိုမြော်မြင်ရင်း ပန်းနိုင်ငံအဖြစ် တည်ဆောက်နိုင်စွမ်းရှိသည့် ယနေ့တပ်မတော်အစိုးရ တက်ရောက်လာသည့် ဤမှာဘက်ကာလများဝယ် ပန်းသခင် ဥယျာဉ်မှူးသစ်အဖြစ် . . .။

ပန်းသခင် ဥယျာဉ်မှူးသစ်

"ပထမအချက်အနေဖြင့် နိုင်ငံတော်အတွင်း၌ တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှု အခြေခံကောင်းများ ခိုင်ခိုင်မာမာ ဖြစ်ထွန်းနေရန် လိုအပ်ကြောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု အစဉ်ဖြစ်ထွန်းနေပါမှ နယ်စပ်ဒေသများပါမကျန် တည်ငြိမ်အေးချမ်းသာယာနေမည် ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသားအဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေး တည်ဆောက်နိုင်သည့်အတွက် နယ်စပ်ဒေသများပါမကျန် တည်ငြိမ်အေးချမ်းသာယာပြီး တရားဥပဒေစိုးမိုးမှု အခြေခံကောင်းများ ယနေ့ ရရှိထားပြီး ဖြစ်ကြောင်း။

"ဒုတိယအချက်အနေဖြင့် နိုင်ငံတော်အတွင်း တောင့်တင်းခိုင်မာသည့် စီးပွားရေးအခြေခံကောင်းများ ဖြစ်ထွန်းနေစေရန် လိုကြောင်း၊ အမျိုးသား စီးပွားရေးခွန်အင်အား ခိုင်မာတောင့်တင်းမှသာ နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်နိုင်မှာ ဖြစ်ကြောင်း။

"နိုင်ငံတော်၏ စီးပွားရေးအင်အားကောင်းရန် ဆိုရာတွင် နိုင်ငံတော်အတွင်း နယ်စပ်ဒေသများပါမကျန် နယ်မြေဒေသအားလုံး၌ စီးပွားရေး အခြေခံကောင်းများ ဖြစ်ထွန်းစေရန်အတွက် လမ်းမကြီးများ၊ မြစ်ကူး ချောင်းကူးတံတားကြီးများ၊ ဆည်မြောင်းတာတမံများ၊ လျှပ်စစ်ဓာတ်အား စီမံကိန်းများ စသည့်ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံအဆောက်အအုံများကို နိုင်ငံတော်က လုံလုံလောက်လောက် တည်ဆောက်ပေးထားပြီးဖြစ်ကြောင်း၊ ထို့ပြင် နယ်စပ်ဒေသများ၌ လမ်းများ၊ တံတားများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးစခန်းများ၊ အသေးစား လျှပ်စစ်ဓာတ်အား စီမံကိန်းများစသည့် ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံအဆောက်အအုံများကို ဒေသလိုအပ်ချက်နှင့်အညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း။

"တတိယအချက်အနေဖြင့် ခိုင်မြဲသည့် ပြည်ထောင်စုကြီး ဖြစ်စေရေးအတွက် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ကို မှန်ကန်စွာ အသုံးပြုနိုင်စေရအောင် တိုင်းရင်းသား ပြည်သူများ၏ ပညာရေးအခြေခံများ မြင့်မားရန်လိုကြောင်း၊ ပညာတတ်မှသာ နိုင်ငံအတွက် မှန်မှား ကောင်းဆိုး အကျိုးအပြစ်ကို မှန်ကန်စွာ ရွေးချယ်နိုင်မည် ဖြစ်ကြောင်း။

"ယနေ့ အချိန်အခါ ကာလသည် စည်းလုံးညီညွတ်သည့် ပြည်ထောင်စုစိတ်ဓာတ်စွမ်းအား အပြည့်အဝဖြင့် မိမိရပ်ရွာ၊ မိမိဒေသ၊ မိမိနိုင်ငံ ဖွံ့ဖြိုးတိုးတက်စေရအောင်နှင့် ဘိုးဘွားအမွေဖြစ်သည့် ပြည်ထောင်စုကြီး အစွန့်ရှည် တည်တံ့ခိုင်မြဲစေရအောင် တိုင်းရင်းသား ညီအစ်ကို မောင်နှမများအားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် လက်တွဲကြိုးပမ်း ဆောင်ရွက်ကြရမည့် အချိန်အခါကောင်း ဖြစ်ကြောင်း။"

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
၂၅-၁-၂၀၀၇ ကာကွယ်ရေးဝန်ကြီးဌာန
အနော်ရထာခန်းမ၊ နေပြည်တော်။

ပန်းထောင်ပွင့်ဝေ ယနေ့အခြေ

တပ်မတော်အစိုးရ တက်ရောက်လာပြီးနောက် မြန်မာ့ဥယျာဉ်ကြီးကို လိုအပ်သလို ပြုပြင်ဆင်သလျက် သာယာလှပသော ဥယျာဉ်ကြီးဖြစ်လာအောင် နေ့မအား ညမနား စနစ်တကျ ကြိုးပမ်းခဲ့သည့်အတိုင်း ယနေ့ မြန်မာသည် ပန်းမြန်မာအဖြစ် ထွန်းသစ်လာလျက်ရှိသည်တွင် ဤအရှင်တို့ သီတင်းသုံးရာ ရှမ်း(တောင်)မြင့်မြေ၌ ပန်းထောင်ပွင့်ဝေနေပုံ ကိုယ်တွေ့ မျက်မြင် မှတ်တမ်းတင်ရလျှင် သာသနာရေးရာပန်းခင်းနှင့် လောကရေးရာ ပန်းခင်းဟု နှစ်ခင်း၊ နှစ်ကွက်ထဲမှ . . .

၁။ စူဠာမုနိလောကချမ်းသာစေတီတော်

ရှမ်းပြည်နယ်(တောင်ပိုင်း)၌ တပ်မတော်အစိုးရလက်ထက် ရှေးဦးစွာ ပွင့်ထွန်းတော်မူသော စေတီတော်ဖြစ်၏။ တောင်ကြီးမြို့အထွက် ပြည်ထောင်စုလမ်းမကြီး အရှေ့ဘက် သီရိဝမှုနကုန်းမြင့်ပေါ်ဝယ် တပ်မတော်အစိုးရ၏ ဦးဆောင်မှု၊ မြန်မာအင်ဂျင်နီယာများနှင့် ဗိသုကာ ပညာရှင်များ၏ ဆန်းသစ်သော တည်ထားမှု၊ အများပြည်သူတို့ သဒ္ဓါတက်ကြွစွာ ပါဝင်လှူဒါန်းမှုတို့ဖြင့် တင့်တယ်သပ္ပာယ်စွာ ပွင့်ထွန်းတော်မူလာသည့် ပုဂံအာနန္ဒာပုံတူ စေတီတော် ဖြစ်ပါသည်။

၂၅-၁၁-၁၉၉၆ ရက်နေ့တွင် ရွှေထီးတော်တင် မဟာမင်္ဂလာ အခမ်းအနားသို့ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးကိုယ်တိုင် တက်ရောက်၍ စိန်ဖူးတော် တင်လှူပူဇော်ခဲ့လေ၏။

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေး-လွိုင်လင်လမ်းမှဖြစ်စေ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်-ကျိုင်းတုံ-လွိုင်လင်လမ်းမှဖြစ်စေ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါ-ပန်ကေတု-လွိုင်လင်လမ်းမှဖြစ်စေ၊ ရှမ်းပြည်နယ်မြို့တော် တောင်ကြီးမြို့သို့ လာလာသမျှ ဗုဒ္ဓဘာသာဝင်တို့အား တောင်ကြီးမြို့ ဝင်ဝင်ချင်း ထင်းထင်းထင်ထင် ဖူးမြင်ခွင့်ရစေကာ ဗုဒ္ဓဂုဏ်ရနံ့ကို သင်းပျံ့ပျံ့ရှူရှိုက်စေနိုင်သော ကုသိုလ်ပန်းခင်းဖြစ်လျက် ရှိပါသည်။

၂။ မဟာကမ္ဘောဇပြည်ငြိမ်းအေးစေတီတော်

ရှမ်းပြည်နယ်၏ အလယ်ဗဟိုချက်မ၌ တည်ရှိသော ကွန်ဟိန်းမြို့၊ ထိုမြို့၏အလယ်ဗဟိုချက်မ၌ တည်ရှိသော ဓမ္မောဒယကုန်းမြင့်၊ ထိုကုန်းမြင့်၏အလယ်ဗဟို၌ တင့်တယ်သပ္ပာယ်စွာ ပွင့်ထွန်းတော်မူလာသည့် ဉာဏ်တော် ၁၀၈ပေရှိ ရွှေတိဂုံပုံတူ စေတီတော်ဖြစ်ပါသည်။ ၁၇-၈-၁၉၉၇ ရက်နေ့၌ ရတနာပန္နက်တော်တင်မင်္ဂလာ၊ ၂၆-၁၂-၁၉၉၇ ရက်နေ့ ရတနာအုတ်မြစ်တော်စီမင်္ဂလာ၊ ၂၂-၁၂-၁၉၉၉ ရက်နေ့၌ ရွှေထီးတော်တင် မဟာမင်္ဂလာတို့ကို ကျင်းပခဲ့ရာ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တက်ရောက် ပူဇော်ခဲ့ပါသည်။

၃။ ဟိုမိန်း ပြည်ငြိမ်းအေးစေတီတော်

သံလွင်မြစ် အရှေ့ဘက် ထိုင်းနိုင်ငံနှင့် နယ်စပ်ချင်းကပ်လျက်တည်ရှိသော ဟိုမိန်းဒေသ၊ ဦးခွန်ဆာအမှူးပြုသည့် MTA တပ်ဖွဲ့ဝင်များအားလုံး တပ်မတော်အစိုးရထံ လက်နက်နှင့်ငြိမ်းချမ်းရေး အပြီးအပိုင်လဲလှယ်ခဲ့သည့်နောက်ပိုင်းဝယ် ယခင်က လားမောင်းလမ်းကို ကားမောင်းလမ်းဖြစ်လာအောင် တပ်မတော်အစိုးရက ကျားကုပ်ကျားခဲ ဖောက်လုပ်ပေးပြီးသည့် ဤမှာဘက် လမ်းပန်းဆက်သွယ်ရေး ချောမွေ့လွယ်ကူလာခြင်းနှင့်အတူ ပွင့်ထွန်းတော်မူလာသော စေတီတော်ဖြစ်ပါသည်။ ၂၉-၄-၂၀၀၁ ရက်နေ့၌ ရွှေထီးတော်တင် မဟာမင်္ဂလာအောင်ပွဲ ဖြစ်ပါသည်။

၄။ မဟာတေဇာဓိပတိစေတီတော်

ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် (အရှေ့ပိုင်း)ဆက်စပ်ရာ သံလွင်မြစ်၏ သည်ဘက်မှာ မိုင်းပန်မြို့ရှိ၏။ ဟိုဘက်မှာ မိုင်းတုံမြို့နှင့်မိုင်းဆတ်မြို့များ တည်ရှိကာ မြန်မာ၊ ထိုင်းနှင့် လာအိုတြိဂံဒေသသို့ သွားလာနိုင်သော ရပ်ဝန်းဖြစ်၏။

ယခင်က လမ်းပန်းဆက်သွယ်ရေး အလွန်ခက်ခဲကြမ်းတမ်းခဲ့ပြီး ယနေ့ တပ်မတော်အစိုးရလက်ထက် ရောက်မှသာ မိုင်းပန်မြို့အနီး သံလွင်မြစ်ဖြတ် တံတားကြီး(တာဆန်း)ကို တည်ဆောက်ပေးခဲ့သည့် နောက်ပိုင်းမှာသော် လမ်းပန်းဆက်သွယ်မှု အထူးကောင်းမွန်လာခဲ့ကာ ယင်းနှင့်အတူ ဒေသခံတိုင်းရင်းသားများအတွက် မြတ်ဗုဒ္ဓဂုဏ်ရနံ့ကို သင်းပျံ့စွာ ရှူရှိုက်နိုင်ပါစေခြင်းငှာ တပ်မတော်အစိုးရက ဦးဆောင်ဘုရားဒါယကာအဖြစ်ခံယူပြီး မိုင်းပန်မြို့၌ တည်ထားကိုးကွယ်သော ဉာဏ်တော် ၁၀၈ပေအမြင့်ရှိ ရွှေတိဂုံပုံတူစေတီတော် ဖြစ်ပါသည်။

၁၄-၃-၂၀၀၁ရက်နေ့၌ ရတနာပန္နက်တော်တင်မင်္ဂလာ၊ ၁၇-၅-၂၀၀၁ရက်နေ့၌ ရတနာအုတ်မြစ်တော်စီမင်္ဂလာ၊ ၁၆-၁၁-၂၀၀၂ ရက်နေ့၌ မူလဌာပနာတော်သွင်း၊ အလယ်ဌာပနာတော်သွင်းနှင့် ပန်းလည်တိုင်စိုက်မင်္ဂလာ၊ ၈-၁၂-၂၀၀၃ရက်နေ့၌ အထက်ဌာပနာတော်သွင်း၊ ရွှေထီးတော်တင်နှင့် ဗုဒ္ဓါဘိသေက မဟာမင်္ဂလာတို့ကို အသီးသီး ဆောင်ရွက်ကြပါသည်။ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ရွှေထီးတော်တင်လှူ ပူဇော်ခဲ့ပါသည်။

၅။ မဟာရဋ္ဌာဘိသာမဂ္ဂီစေတီတော်

ပြည်ထောင်စုစာချုပ်ချုပ်ဆိုရာ ပင်လုံမြို့၌ ပြည်ထောင်စု ကျောက်တိုင်ဝင်းအတွင်း အချင်းပေ ၁၂၀၊ အမြင့်ပေ ၅၀ကို တိုင်တစ်လုံးမျှ မခံဘဲ မဟာလိုဏ်သဖွယ် တည်ထားပြီး ဉာဏ်တော် ၁၃၅ပေအမြင့်ရှိ ရွှေတိဂုံပုံတူစေတီတော် ဖြစ်ပါသည်။ ၂၉-၁၁-၂၀၀၂ရက်နေ့၌ ရတနာ ပန္နက်တော်တင်မင်္ဂလာ၊ ၉-၁၂-၂၀၀၂ရက်နေ့၌ ရတနာအုတ်မြစ်တော်စီ မင်္ဂလာ၊ ၅-၂-၂၀၀၆ရက်နေ့၌ ဌာပနာတော်သွင်းမင်္ဂလာ၊ ၁၀-၂-၂၀၀၆ ရက်နေ့၌ ရွှေထီးတော်တင် မဟာမင်္ဂလာတို့ကို အသီးသီးကျင်းပကြပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ရွှေထီးတော်တင်လှူ ပူဇော်ခဲ့ပါသည်။

ယင်းအပြင် ယနေ့တပ်မတော်အစိုးရလက်ထက်၌ တောင်ကြီးမြို့အနီး ရှေးဟောင်းစေတီစုများဖြစ်သည့် ကက္ကူစေတီစု ပြန်လည်ပွင့်ပေါ်ကာ ဘက်စုံပြုပြင်မွမ်းမံလျက်ရှိရာ ယင်းကက္ကူစေတီစုများကား နိုင်ငံခြားခရီးသွားတို့၏ ခရီးစဉ်တစ်ခုအဖြစ် ကမ္ဘာကျော်စေတီတော်များ ဖြစ်လာလျက်ရှိနေလေပြီ။ ထို့အတူ ရှေးဟောင်း ပင်းတယဂူမှ ရုပ်ပွားတော်မြတ်များနှင့် ဂူကြီးတစ်ခုလုံး ပိုမိုတင့်တယ် သပ္ပာယ်အောင် ဘက်စုံပြုပြင်မွမ်းမံလျက် ဂူထိပ်အရောက် လွယ်ကူစွာ တက်လှမ်းနိုင်အောင် ခေတ်မီဓာတ်လှေကားတစ်စင်း တပ်ဆင်ပေးထားခြင်းတို့ကြောင့် ကမ္ဘာလှည့်ခရီးသွားများအားပါးတရ ရှုမဝနိုင်သည့် သာသနာ့ပန်းခင်းကြီးတစ်ခင်း ဖြစ်လာလျက်ရှိ၏။ ထို့ပြင် ကမ္ဘာကျော်ရုပ်ပွားတော်မြတ်များ ဖြစ်တော်မူကြသည့် အင်းလေးဖောင်တော်ဦးရုပ်ပွားတော်များနှင့် စပ်လျဉ်း၍ ယနေ့တပ်မတော်အစိုးရ၏ စေတနာ၊ သဒ္ဓါတရားများကိုကား အဌကထာဆရာတော်ကြီးစကား ခေတ္တငှား သုံးစွဲရပါလျှင်"ကော ပန ဝါဒေါ = ဘာပြောဖို့လိုတော့မည်နည်း"ဟူ၍။

ရှမ်း(တောင်)တစ်ခွင် မြတ်ဗုဒ္ဓ၏ မွေတော်၊ ဓာတ်တော်ပန်းများ လန်းလန်းစွင့် ပွင့်ဝေလျက်ရှိသည့်နည်းတူ ဗုဒ္ဓသားတော် ရဟန်းတော်များတွင် သီလ၊ သမာဓိ၊ ပညာ ကြီးမားတော်မူကြ၍ သာသနာ့အကျိုးကို ထူးထူးခြားခြား ထက်ထက်မြက်မြက် ဆောင်ရွက်နိုင်စွမ်းရှိတော်မူကြသည့် ဆရာတော်၊ သံဃာတော်တို့အား ဘွဲ့တံဆိပ်တော် ပူဇော်လှူဒါန်းမှုကဏ္ဍ၌ ယခင်နှင့်နှိုင်းယှဉ်လျှင် ၁၉၈၈ခုနှစ်အထိ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံယူရရှိသော ဆရာတော်များမှာ လေးပါးသာရှိခဲ့ပြီး ယနေ့ တပ်မတော်အစိုးရလက်ထက်တွင်မူ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံယူရရှိသည့် ဆရာတော်များမှာ အပါးပေါင်း ၉၀ကျော်နေလေပြီ။

တစ်ဆက်တည်းပင် ရှမ်း(တောင်)ရှိ မြို့တိုင်းမှာ ပရိယတ္တိစာသင်တိုက်များ တိုးပွားလာနေသကဲ့သို့ ပဋိပတ္တိကမ္မဋ္ဌာန်းတိုက်များလည်း တိုးပွားလာလျက်ရှိပြီး စာသံပေသံညံမစဲ တရားစခန်းတွေ အပွဲပွဲအပြင် ယဉ်ကျေးမှုသင်တန်းများ၊ ယဉ်ကျေးလိမ္မာသင်တန်းများဖြင့်လည်း လူငယ့်ဘဝ အလှပန်းများ ဝေလျက်ရှိနေကြကုန်၏။

အထူးအားဖြင့် တောင်ကြီးမြို့မှာ သာမဏေကျော် စာမေးပွဲကြီး ဝှဲချီးကျင်းပနိုင်လျက်ရှိခြင်းကလည်း ယနေ့ခေတ်၏ အလင်းသစ် ပန်းတစ်ပွင့် ဖြစ်လာနေ၏။ သိမ်တောင်ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဆန္ဒာဓိက ဦးဆောင်လျက် ညောင်ရွှေမြို့ သာသနာဝိပုလ ရွှေဂူဆရာတော်၊ အင်းလေး ရွှေဘုံသာဆရာတော်၊ တောင်ကြီး စွန်းလွန်းဂူဆရာတော် စသည့် နေလသဖွယ် ထင်ရှားသော ဆရာတော်ကြီးများ ကြီးမှူးကာ ဓမ္မာနုဂ္ဂဟတစ်ပိုင်း၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေး ဇနီးဒေါ်သင်းမျိုးမျိုးအောင် ဦးဆောင်လျက် တာဝန်ရှိပုဂ္ဂိုလ်များ၊ စာမေးပွဲကျင်းပရေး ကော်မတီဝင်များ၊ စေတနာရှင်များက ပစ္စယာနုဂ္ဂဟတစ်ပိုင်း၊ နှစ်ပိုင်း နှစ်ကဏ္ဍ မလျော့ရအောင် လုံ့လအားစိုက်လျက်ရှိကြပါကုန်၏။

သို့ဖြင့် ပန်းထောင်ပွင့်ဝေသော ရှမ်း(တောင်)မြင့်မြေရှိ သာသနာရေးရာ ပန်းခင်းတို့၏ လန်းပွင့်ခြင်းအဖြာဖြာတို့ကို မုဒိတာမျက်လုံးဖြင့် ကြည်ပြုံးစွာ ရှုကြည့်ကြပြီးနောက် လောကရေးရာပန်းခင်း လင်းလက်လှပနေပုံတို့ကိုပါ ဆက်လက် ကြည့်ရှုကြပါဦးစို့။ ။

20-4 (04) 1 4/20/07, 1:07 PM

ကျောက်ဖြူ၌ သွေးလှူဘဏ်ဖွင့်ပွဲနှင့် ဆေးရုံသုံးပစ္စည်းလှူဒါန်းပွဲကျင်းပ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ လုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော် ဧပြီ ၁၉

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်သည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဧပြီ ၁၁ ရက် မွန်းလွဲ ၁ နာရီခွဲက ကျောက်ဖြူတပ်နယ်မှ ညေဝတီရေတပ်စခန်းဌာနချုပ်သို့ သွားရောက်၍ အရာရှိ၊ စစ်သည်မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားပြီး စစ်သည်မိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ဧပြီ ၁၂ ရက် နံနက်ပိုင်းတွင် တိုင်းမှူးသည် ကျောက်ဖြူခရိုင်ဆေးရုံ၌ကျင်းပသော သွေးလှူဘဏ်ဖွင့်ပွဲနှင့် ဆေးရုံသုံးပစ္စည်းများ လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် ဆေးရုံသုံးပစ္စည်းများ လှူဒါန်းပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ဒေဝူးကုမ္ပဏီမှလှူဒါန်းသော နေရောင်ခြည်စွမ်းအင်သုံး ရေခဲသေတ္တာကို ဒေဝူးကုမ္ပဏီကိုယ်စား ပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးနန်းအောင်ထွန်းက လည်းကောင်း၊ ရန်ကုန်မြို့မှ ဦးဉာဏ်ဝင်းလှူဒါန်းသော ဆေးရုံသုံးပစ္စည်းများကို ဆေးရုံကြီးကြပ်မှုကော်မတီဝင် ဦးအောင်ဘစောက လည်းကောင်း အသီးသီး ပေးအပ်လှူဒါန်းရာ တိုင်းမှူးက လက်ခံရယူသည်။

ဆက်လက်၍ကျောက်ဖြူတပ်နယ်မှ ဗိုလ်မှူးချုပ်မော်သိန်းက ဆေးရုံငွေပဒေသာပင်အတွက် အလှူငွေကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းရာ ခရိုင် ကျန်းမာရေးဦးစီးဌာနမှူးက လက်ခံရယူသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် သွေးလှူဘဏ်ဖွင့်ပွဲကို အဆိုပါဆေးရုံဝင်းအတွင်း ဆက်လက်ကျင်းပရာ တိုင်းမှူးနှင့် ကျောက်ဖြူခရိုင်ဥက္ကဋ္ဌတို့က သွေးလှူဘဏ်အား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထောက်ပံ့ပေးအပ်

ဆက်လက်၍ တိုင်းမှူးသည်တာဝန်ရှိသူများနှင့်အတူ သွေးလှူဘဏ်နှင့် ဆေးရုံအတွင်းရှိ ဓာတ်ခွဲခန်း၊ ဆေးစတိုနှင့်လူနာဆောင်များအား လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဆေးဝါးကုသမှုခံယူလျက်ရှိသော လူနာများအား အာဟာရ စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် တိုင်းမှူးက ဓာတ်ခွဲခန်းသုံး မေ့ဆေးစက်ကိရိယာဝယ်ယူရန်အတွက် အလှူငွေကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းရာ ခရိုင် ကျန်းမာရေးဦးစီးမှူးက လက်ခံရယူသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် ကျောက်ဖြူခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြားသည်။

ထို့နောက် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေး အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို လုပ်ငန်းကဏ္ဍအလိုက် အသီးသီးရှင်းလင်းတင်ပြကြသည်။

အမှာစကားပြောကြား

ဆက်လက်၍ တိုင်းမှူးက တင်ပြချက်အပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး ဒေသတွင်း ဆန်နှင့်စားသုံးဆီပိုလျှံထွက်ရှိရေးအတွက် စိုက်ဧကတိုးချဲ့ဆောင်ရွက်ရေး၊ ခြံစည်းရိုးကြက်ဆူပင်များကို လျာထားချက်အတိုင်း ပြည့်မီကျော်လွန်အောင် စိုက်ပျိုးရေး၊ ဒေသဖွံ့ဖြိုးရေးအတွက် ဌာနဆိုင်ရာတာဝန်ရှိသူများက ဒေသခံပြည်သူများနှင့် ပေါင်းစပ်ကူညီဆောင်ရွက် အကောင်အထည်ဖော်ကြရေး နိဂုံးချုပ်အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

Mr. Drake Poh Teong Kang,Managing Director Entertainment Resort Club Ltd. Singapore. က သုံးထပ်ဘိုးဘွား ဆောင်သစ်ကြီးအတွက် ငွေကျပ် ၁၀ သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ရှိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသဗုဒ္ဓဂယာမြေမြတ် မဟာရှိဗုဒ္ဓဂယာမြန်မာကျောင်း(မူလကျောင်းဟောင်း) အနောက်ဘက် တိုးချဲ့မြေ နှစ်ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် မေခလမ်း အမှတ် ၄ (အိုင်)နေ ဦးမိုးမြင့် - ဒေါ်မြသိန်း(မအူပင်)၊ ကိုကိုမောင် - မအေးအေးမိုး၊ မြေး အုံ့မင်းမောင်မောင်၊ အာကာမင်းညီ မိသားစုက အလှူငွေကျပ် တစ်သိန်း တစ်သောင်း တစ်ထောင်ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း နာယက အကျိုးတော်ဆောင်ဆရာတော် (ပြည်တော်သာ) အရှင်စန္ဒန (မဏ္ဍာစရိယ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ဘွဲ့တံဆိပ်တော်ရဆရာတော် ထပ်ဆင့် ချီးကျူးပူဇော်ပွဲ

ရန်ကုန် ဧပြီ ၁၉

မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်ခြင်း ခံရသော ရန်ကုန်တိုင်း ဒေါပုံမြို့နယ် မြို့သစ်ရပ်ကွက် သာသနဝံသ ပရိယတ္တိစာသင်တိုက်ပဓာနနာယက ဆရာတော် ဘဒ္ဒန္တမာနိတာဘိဝံသအား ဆရာတော်၏ တပည့် ဒါယကာ၊ ဒါယိကာမများက ထပ်ဆင့်ချီးကျူးဂုဏ်ပြုပူဇော်ပွဲကို ဧပြီ၂၉ရက် နံနက် ၉နာရီတွင် အဆိုပါစာသင်တိုက် သောတုဇနေ ငါးထပ်ဆောင်၌ ကျင်းပမည်ဖြစ်သည်။

အကြိုဓမ္မသဘင်

ပူဇော်ပွဲ အကြို ဓမ္မသဘင်ကို ဧပြီ ၂၆ ရက်တွင် ဘဒ္ဒန္တအင်္ဂီသ (ပါဠိကာရီဆရာတော်)၊ ၂၇ ရက်တွင် ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်)၊ ၂၈ ရက်တွင် ဘဒ္ဒန္တ ဂုဏိန္ဒ (ဆင်ဖြူတောင်ဆရာတော်)တို့က ညစဉ် ၇ နာရီခွဲမှစ၍ နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားမည် ဖြစ်သည်။ ဆက်သွယ် လှူဒါန်းလိုသူများသည် ကျင်းပရေး ကော်မတီ ဖုန်း-၇၀၅၁၈၈ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

လှေကားထစ် လယ်ယာမြေများအတွက် ထောက်ပံ့ငွေပေးအပ်

ရန်ကုန် ဧပြီ ၁၉

စက်မှုလယ်ယာဦးစီးဌာန တောင်ကြီးမြို့ အမှတ်(၄)ကုန်းမြင့်လယ်ယာမြေဖော်ထုတ်ရေးစီမံကိန်းက လှေကားထစ်လယ်ယာမြေများ ဖော်ထုတ်ခဲ့သည့် ကျေးရွာအုပ်စုရှိ တောင်သူ ၂၈ ဦး၊ ဖော်ထုတ်ဧက ၅၄ ဧကနှင့် သိကျိတ်ကျေးရွာအုပ်စုရှိ တောင်သူ ၁၂၅ ဦး၊ ဖော်ထုတ်ဧက ၂၄၉ ဧက တို့အတွက် ထောက်ပံ့ငွေပေးအပ်ပွဲကို မတ် ၂၈ ရက်တွင် ဖယ်ခုံမြို့၌ကျင်းပရာ စီမံကိန်းတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်မွန်က တောင်သူများအား ထောက်ပံ့ငွေ ကျပ်သုံးဆယ့်ခြောက်သိန်း သုံးသောင်းခြောက်ထောင်ကို ပေးအပ်လိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျေးရွာအုပ်စုလုံးကျွတ် အသိအမှတ်ပြု စာကြည့်တိုက် မှတ်ပုံတင်ပေးအပ်

မန္တလေးတိုင်း စဥ့်ကိုင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနကစီစဉ်ကျင်းပသည့် ကျေးရွာအုပ်စုလုံးကျွတ် ဗဟိုအသိအမှတ်ပြု စာကြည့်တိုက် မှတ်ပုံတင်ပေးအပ်ပွဲ၊ စာအုပ်နှင့်ငွေပဒေသာပင်စိုက်ထူလှူဒါန်းပွဲ အခမ်းအနားကို မတ်၂၅ ရက် နံနက် ၉ နာရီက စဥ့်ကိုင်မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမတွင်ကျင်းပရာ တိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးကျော်သန်းထွန်းက အုပ်စုလုံးကျွတ်ဗဟို အသိအမှတ်ပြု စာကြည့်တိုက် မှတ်ပုံတင် အသိအမှတ်ပြုလွှာ ၆၄ စောင်ကို မြို့နယ်ဥက္ကဋ္ဌ ဦးမြငွေအား လည်းကောင်း၊ ကျေးရွာအုပ်စုဥက္ကဋ္ဌ တစ်ဦးက မြို့နယ်လုံးကျွတ် ငွေပဒေသာပင် ငွေကျပ် ၅၂၀၀၀၀ ကို ခရိုင်ဦးစီးအရာရှိ ဦးညွန့်ရွှေထံသို့ လည်းကောင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိက ငွေကျပ် ၃၅၀၀၀တန်ဖိုးရှိ ပြည်သာယာမဂ္ဂဇင်း ၇၇ အုပ်ကိုလည်းကောင်း ပေးအပ်လှူဒါန်း ကြကြောင်းသိရသည်။ **(ခရိုင် ပြန်/ဆက်)**

ရေနံချောင်း၌ မိန့်ခွန်းနှင့် ဆောင်းပါးဖတ်ပွဲကျင်းပ

ရေနံချောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးလှရှိန်၏ ကြီးကြပ်မှုဖြင့် မတ် ၂၉ ရက်ထုတ် မြန်မာ့အလင်း သတင်းစာပါ ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး၏ လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ရေး သင်တန်း (အရာရှိ) ၁/၂၀၀၇ မှ သင်တန်းသားများအား တွေ့ဆုံမှာကြားချက်များနှင့် မတ် ၃၁ ရက်ထုတ် မြန်မာ့အလင်း သတင်းစာပါ မြဖူး (ပြန်/ဆက်)၏ စာဖတ်ခြင်း အလေ့အထ တိုးပွားမြှင့်တင်ကြပါစို့ ဆောင်းပါး ဖတ်ပွဲကို ဧပြီ ၄ ရက် နံနက် ၁၀ နာရီက ကျင်းပရာ စာထောက်-၃ ဒေါ်ချိုမီအောင်၊ ရုပ်သံ-၃ ဦးသိန်းဇော်၊ အငယ်တန်းစာရေး ဒေါ်သူဇာစိုးတို့က ဖတ်ကြားကြကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

အရန်သားဖွားသင်တန်းသူများ လက်တွေ့ကွင်းဆင်း

ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ အရန်သားဖွားသင်တန်းသူ ၁၁ ဦးသည် မြို့နယ်အတွင်း ကျန်းမာရေး ကျေးလက်ဆေးပေးခန်းများတွင် မတ် ၂၉ ရက်မှစတင်၍ လက်တွေ့ ကွင်းဆင်းလေ့လာကြသည်။ အဆိုပါသင်တန်းကို ၂၀၀၆ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ဖွင့်လှစ်ခဲ့၍ စာတွေ့သုံးလကြာမြင့်ခဲ့ကာ လက်တွေ့ကွင်းဆင်းသင်ယူသည့်ကာလသည် သုံးလကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြစ်ကြီးနားမြို့ သာယာလှပရေးဆောင်ရွက်

မြစ်ကြီးနားမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ လက်ထောက်အင်ဂျင်နီယာ ဦးမျိုးအေးလွင်နှင့်ဒုတိယဦးစီးမှူး(သန့်) ဦးသန်းဝင်းတို့ကြီးကြပ်သော အဖွဲ့ဝန်ထမ်းများသည် မလိခရိပ်သာရှေ့ ပန်းပေါင်အမှတ် ၁ မှ မြေမြင့်ရပ်ကွက်ပန်းပေါင်အမှတ် ၄၉ အထိ လမ်းဝဲယာ သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ ထွက်ရှိသော အမှိုက်များကို အမှိုက်သိမ်းယာဉ်ဖြင့် သတ်မှတ်နေရာစွန့်ပစ်ခြင်း၊ လမ်းလယ်ကျွန်းပန်းပေါင် အမှတ် ၃၄ မှ ၄၉ အထိ ရာသီပန်းများဖူးပွင့်စေရန် မြေခင်းပြုပြင်ရေလောင်းပေါင်းသင်ခြင်း လုပ်ငန်းများဆောင်ရွက်ကြရာ မြို့နယ်တာဝန်ခံ အရာရှိ ဦးဇော်မိုးက ကြီးကြပ်ပေးကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

ရွှေဘို၌ နောင်တော်ကြီးလမ်း ကတ္တရာလမ်းသစ်ဖွင့်

ရွှေဘိုမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော နောင်တော်ကြီးလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မတ်၂၅ ရက် နံနက် ၈ နာရီကကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်နှင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးနီထွန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အဆိုပါ နောင်တော်ကြီးလမ်းမှာ အရှည်ပေ ၁၇၉၀၊ အကျယ် ၁၂ပေရှိ ကတ္တရာလမ်းဖြစ်ပြီး အဖွဲ့ရန်ပုံငွေကျပ် ၃၈သိန်းလေးသောင်း၊ ပြည်သူထည့်ဝင် ငွေကျပ် ဆယ်သိန်းကိုးသောင်းဖြင့် ဆောင်ရွက်ခြင်းဖြစ်သည်။ **(မြို့နယ်စည်ပင်)**

မြန်မာ့အလင်း ပြည်တွင်းသတင်း အတိုအထွာ

ဂန့်ဂေါမြို့နယ်တွင် သက်ကြီးပူဇော်

ဂန့်ဂေါမြို့ မဟာအတာသကြိန်ပွဲတော် ကျင်းပရေးကော်မတီကကြီးမှူး၍ အသက် ၈၀ အထက် သက်ကြီးပူဇော်ပွဲ အခမ်းအနားကို ဧပြီ ၁၇ ရက် နံနက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဂန့်ဂေါခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအင်းကြူ၊ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်စိုးဝင်း၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန်းသန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး သက်ကြီးအဘိုး၊ အဘွား ၆၀ တို့အား လက်ဆောင်ပစ္စည်းများပေးအပ်၍ ဂါရဝပြုပူဇော်ကန်တော့ကြသည်။ (၂၇၃)

ဟိုပင်မြို့နယ် မိခင်နှင့်ကလေးအသင်းရုံးနှင့် သားဖွားခန်းဆောက်လုပ်ရန် ပန္နက်တင်မင်္ဂလာကျင်းပ

ကချင်ပြည်နယ် ဟိုပင်မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းရုံးနှင့် သားဖွားခန်း ဆောက်လုပ်မည့် မြေနေရာ ပန္နက်တင်မင်္ဂလာ အခမ်းအနားကို ဧပြီ ၂ရက် နံနက် ၇နာရီခွဲက အဆိုပါအဆောက်အအုံ ဆောက်လုပ်မည့် မြေနေရာ၌ကျင်းပရာ ပင့်သံဃာတော်များက မြေသန့်မင်္ဂလာပြုလုပ်ပေးကြပြီး မြို့မိမြို့ဖ ဦးညီလေးနှင့်တာဝန်ရှိသူများက ပန္နက်ရိုက်ပေးကြသည်။ အဆိုပါ အဆောက်အအုံကို ဟိုပင်မြို့ မြို့မတောင်ရပ်နေ ဦးနေမင်းထွန်း၊ ဇနီး ဒေါ်မြဒါလီမိသားစုတို့က မတည်ငွေကျပ်သိန်း ၅၀ လှူဒါန်းပြီး အလှူရှင်များလှူဒါန်းငွေဖြင့် ကျပ်သိန်း ၁၅၀ အကုန် အကျခံ ဆောက်လုပ်မည် ဖြစ်သည်။ **(မြို့နယ် ပြန်/ဆက်)**

ထီးလင်းမြို့ ဝါးဘိုးချောင်ကျေးရွာ မြင့်မြတ်စာကြည့်တိုက်သို့ စာအုပ်များလှူဒါန်း

ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကကြီးမှူး၍ ဝါးဘိုးချောင်ကျေးရွာ မြင့်မြတ်စာကြည့်တိုက်သို့ စာအုပ်လှူဒါန်းပွဲ အခမ်းအနားကို မတ် ၂၀ရက်က ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ကျင်းပရာ ထီးလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းဆန်းက သတင်းစာ စောင်ရေ ၂၄၀ကိုလည်းကောင်း၊ မင်းဘူးမြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှ ဦးစီးအရာရှိဦးအောင်စိုးထွန်းက မဂ္ဂဇင်းစာအုပ် ၁၀၀၊ ဂန့်ဂေါမြို့နယ်ရုံးရှိရွာအထကမှ ဆရာဦးတင်ထွန်းလှူဒါန်းသည့် မဂ္ဂဇင်းစာအုပ် ၅၀၊ ရန်ကုန်မြို့ ယောနယ်အသင်းမှ ဦးဇော်လင်းလှူဒါန်းသည့် စာအုပ်မျိုးစုံ ၅၀၊ ထီးလင်းအထကမှ ဆရာဦးမြတ်ဦးက စာအုပ်မျိုးစုံ ၅၂အုပ်နှင့် တောင်သာလူမျိုးစုယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဦးမတ်တုက စာကြည့်တိုက် ငွေပဒေသာပင်အဖြစ် ငွေကျပ် တစ်သောင်းတို့ကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူကြကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

ကြက်ငှက်တုပ်ကွေး ကြိုတင်ကာကွယ်ရေး မင်းတပ်တွင်ဆောင်ရွက်

ချင်းပြည်နယ် မင်းတပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ဆွေ ဦးဆောင်သော ဝန်ထမ်းများသည် မြို့နယ် မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့မှ ဝန်ထမ်းများနှင့်ပူးပေါင်း၍ ဧပြီ ၁ ရက်က မင်းတပ်မြို့ မြို့မဈေးအတွင်း ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်တားဆီးကာကွယ်ရေး နည်းပညာပေးပိုစတာများ လိုက်လံကပ်ရိုက် ချိတ်ဆွဲခြင်း၊ ကြက်သား၊ ကြက်ဥအရောင်းဆိုင်များ ကြည့်ရှုစစ်ဆေးခြင်းတို့ ဆောင်ရွက်ကြသည်။ **(မြို့နယ်စည်ပင်)**

ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး စတုတ္ထအကြိမ် ဘက်စုံမွမ်းမံပြင်ဆင်ရေး တတိယအကြိမ် အလှူတော်ငွေပေးအပ်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဧပြီ ၁၉

ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး စတုတ္ထအကြိမ် ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေးလုပ်ငန်းများအတွက် တတိယအကြိမ် အလှူတော်ငွေပေးအပ်ပွဲသို့ ယနေ့ နံနက် ၇ နာရီက ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်ရှိ အဆိုပါစေတီတော်မြတ်ကြီး၏ ဓမ္မာရုံသစ်၌ကျင်းပရာ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး စတုတ္ထအကြိမ် ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေး ဗဟိုဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပုဇွန်တောင်မြို့နယ် နယ်မြေတာဝန်ခံ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့ တက်ရောက်၍ အလှူတော်ငွေများကို လက်ခံကြပြီး အလှူရှင်များအား ထုတိမင်္ဂလာဂုဏ်ပြုလွှာများကို ပြန်လည်ပေးအပ်ကြသည်။

ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး စတုတ္ထအကြိမ် ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေး ဗဟိုဦးစီးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး စတုတ္ထအကြိမ် ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေးလုပ်ငန်းများအတွက် အလှူရှင်များ၏ လှူဒါန်းငွေများကို လက်ခံစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ ပရိသတ်တို့က နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ကြသည်။

မွမ်းမံပြင်ဆင်ရေး

ထို့နောက် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး စတုတ္ထအကြိမ် ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေး ဗဟိုဦးစီးကော်မတီဥက္ကဋ္ဌ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက သာသနိကအဆောက်အအုံများ တည်ဆောက် လှူဒါန်းခြင်းကြောင့် ရရှိခံစားရမည့် အကျိုးတရားများနှင့် စတုတ္ထအကြိမ် ဘက်စုံပြုပြင်မွမ်းမံပြင်ဆင် တည်ဆောက်ရေးလုပ်ငန်းကြီး ငါးရပ်ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

လှူဒါန်း

ယင်းနောက် စတုတ္ထအကြိမ် ဘက်စုံပြုပြင် မွမ်းမံပြင်ဆင်ရေးလုပ်ငန်းများအတွက် အလှူရှင်များဖြစ်ကြသည့် နှစ်ဖက်သောမိဘများနှင့် ဖခင်ကြီး ဦးသာစိန်တို့အား အမှူးထား၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ ဇနီး ဒေါက်တာ ဒေါ်ဝေဝေသော၊ သမီး မအေးမြမောင်၊ သား မောင်ထူးခြားအောင်တို့က ရွှေစင်ရွှေပြားတစ်ချပ်နှင့် တစ်ကျပ်သား ရွှေခေါင်းလောင်းတစ်လုံးတို့အတွက် ငွေကျပ် ၁၀ သိန်း၊ နှစ်ဖက်သော မိဘများနှင့် မိခင်ကြီး ဒေါ်သန်းကြည်အား အမှူးထား၍ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ဇနီး ဒေါ်ကြည်ကြည်ဝင်းနှင့် သား သမီး မြေးမြစ်တစ်စုတို့က တစ်ကျပ်သား ရွှေခေါင်းလောင်းတစ်လုံးအတွက် ငွေကျပ် လေးသိန်း၊ နန်းဝင်းပတ္တမြားတိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးမှ ဒေါက်တာထွေးထွန်းကြည်-ဒေါက်တာ သင်းနွယ်ဝင်းနှင့် မိသားစုက ရွှေခေါင်းလောင်း ခြောက်လုံးအတွက် ငွေကျပ် ၁၂ သိန်း၊ ဦးလှိုင်ဝင်း-ဒေါ်ခင်သန်းသန်း မိသားစုက အရံစေတီများအတွက် ထီး ၁၀ လက်နှင့် ရွှေသင်္ကန်းကပ်လှူရန် အတွက် ငွေကျပ် ၁၀ သိန်း၊ နှစ်ဖက်သော မိဘများနှင့် ခင်ပွန်း ဦးမြင့်လေး၊ သမီးချွေးမ မတင်တင်စိန်တို့အား ရည်စူး၍ ရန်ကုန်မြို့ ၅၁ လမ်းနေ ဒေါ်လှရီ၊ သားသမီးမြေးမြစ်တစ်စုက ရွှေစင်ရွှေပြားတစ်ချပ်နှင့် ရွှေခေါင်းလောင်းတစ်လုံးတို့အတွက် ငွေကျပ် ၈၅၀၀၀၀၊ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံးက ရွှေခေါင်းလောင်း လေးလုံးအတွက် ငွေကျပ် ရှစ်သိန်း၊ အလုံမြို့နယ် သစ်တောလမ်းနေ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခင်မောင်စိုး၊ ဇနီး ဒေါ်နီနီမိသားစုတို့က ရွှေစင်ရွှေပြား တစ်ချပ်အတွက် ငွေကျပ် ၆၅၀၀၀၀၊ မိဘများအား အမှူးထား၍ သိမ်ဖြူလမ်း ဇီဝကဆေးခန်းမှ ဒေါက်တာ မောင်မောင်နှင့် ညီမ ဒေါက်တာ တင်တင်ချိုတို့က ရွှေခေါင်းလောင်း ခြောက်လုံးအတွက် ငွေကျပ် လေးသိန်း၊ မြန်မာ့ရုပ်ရှင်လုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်-ဒေါ်မာလာဝင်း၊ သား အောင်စစ်မိုး၊ သမီး ရည်သွယ်အောင်မိသားစုတို့က ပုဂ္ဂိုလ်ထူးများ အဆောင်ပေါ်ရှိ အရံစေတီ တစ်ဆူ ရွှေသင်္ကန်းကပ်လှူနိုင်ရေး အတွက် ငွေကျပ် ၂၆၄၀၀၀၊ မန္တလေးမြို့ ဧရာမင်းသိန်း ဆောက်လုပ်ရေးကုမ္ပဏီမှ ဦးသိန်းမြင့်-ဒေါ်မိုးစန္ဒာထွန်း မိသားစု တို့က စက်တော်ရာတန်ဆောင်းအတွင်းရှိ ဗုဒ္ဓခြေတော်ရာအား ရွှေချနိုင်ရေး အတွက် ငွေကျပ် ၂၃၂၀၀၀၊ မင်္ဂလာတောင်ညွန့်မြို့နယ် ရေကျော်လမ်းရှိ ဦးစံသိန်းနှင့် သားများ ငွေထည်လုပ်ငန်း မိသားစုက ဆည်းလည်းညောင်ရွက်များ အတွက် ငွေကျပ်၂၃၀၀၀၀၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးမြင့်ထွေး-ဇနီး ဒေါ်မိုးစန္ဒာမြင့်၊ သား မင်းပြည့်စုံသန့် မိသားစု၊ မိခင်ကြီး ဒေါ်ဝင်းစိန်အားရည်စူး၍ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဒုတိယညွှန်ကြားရေးမှူး (အငြိမ်းစား) ဒေါ်ဖြူဖြူဝင်းတို့က ရွှေခေါင်းလောင်းတစ်လုံးစီအတွက် ငွေကျပ် နှစ်သိန်းစီတို့ကိုလည်းကောင်း၊ ကွယ်လွန်သူမိဘနှစ်ပါး၊ ဒေါ်မြင့်မြင့်ဝင်း၊ ဒေါ်ညွန့်ဝေတို့အား ရည်စူး၍ ပုဇွန်တောင်မြို့နယ် လိပ်ကန်လမ်းနေ ဒေါ်ကျင်မြ၊ ရန်ကုန်မြို့ ၄၇ လမ်းနေ ဒေါ်နန်းလှခင်က မွေးနေ့အလှူ၊ စမ်းချောင်းမြို့နယ် ဦးဖိုးလမ်းနေ ဦးဝင်းမြင့်-ဒေါ်ဝေဝေမြင့်၊ သမီး မြတ်သဇင်ထက် မိသားစု၊ မိခင်ကြီး ဒေါ်ခင်နုအား အမှူးထား၍ ရန်ကုန်မြို့ ရွှေတောင်ကြားနေ မြန်မာ့ရုပ်ရှင်လုပ်ငန်းမှ ဦးခင်မောင်ကျော်-ဒေါ်ခင်ဝင်း မိသားစု၊ ဗိုလ်တထောင်မြို့နယ် ဗိုလ်မြတ်ထွန်းလမ်းနေ ဦးအောင်စိုး-ဒေါ်လှလှဝင်းမိသားစု၊ ရန်ကုန်မြို့ ၄၇ လမ်းနေ ဒေါ်တင်အေး သားသမီးမြေးမိသားစု၊ ပုဇွန်တောင်မြို့နယ် ညောင်တန်းအိမ်ရာ တိုက်အမှတ်(၈)နေ ကိုအောင်စိုး-မခင်သန္တာလွင်မိသားစု၊ ဦးဝင်းစိန်နှင့်ကွယ်လွန်သူ မိဘများအားရည်စူးပြီး မိခင် ဒေါ်တုတ်အားအမှူးထား၍ ဦးသိန်းနိုင်-ဒေါ်မာမာဌေး မိသားစုတို့က ရွှေခေါင်းလောင်း တစ်လုံးစီတို့အတွက် ငွေကျပ်နှစ်သိန်းစီ တို့ကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့က လက်ခံကြပြီး အလှူရှင်များအား ထုတိမင်္ဂလာ ဂုဏ်ပြုလွှာများကို ပြန်လည်ပေးအပ်ကြသည်။

ဂုဏ်ပြုလွှာ

ထို့နောက် အလှူရှင်များဖြစ်ကြသည့် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ၅၆ လမ်းနေ ဦးမောင်သောင်း-ဒေါ်ခင်အေးမူ မိသားစု၊ ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ၅၆ လမ်းနေ ကိုအောင်စောနိုင်၊ ကိုစောညီညီနိုင်၊ မစောရတနာနိုင် မောင်နှမများ၊ မိဘနှစ်ပါးအားအမှူးထား၍ ရေကျော်လမ်းမကြီးနေ မလပြည့်ဝန်းမိသားစု၊ မြေနီကုန်းကျောင်းလမ်းနေ ဦးခင်မောင်ဝင်း-ဒေါ်စုစုဝင်း၊ သား မောင်သုတအောင် မိသားစု၊ အဘိုးအဘွားများဖြစ်ကြသည့် ဦးရောင်ရှိန်နှင့် ဒေါ်ကျင်မွှေးတို့အား ရည်စူး၍ မြေး ကျော်ညီညီအောင် မိသားစု၊ မိဘများအား အမှူးထား၍ ရန်ကုန်မြို့ ၅၁ လမ်းနေ ဦးမောင်ကြူနှင့် မောင်နှမတစ်စု၊ တာမွေမြို့နယ် ကျိုက္ကဆံလမ်းရှိ ကြီးအောင်ချမ်းသာ ပရိဘောဂဆိုင်မှ ဒေါ်မာလာဥာဏ် မောင်နှမတစ်စု၊ ပုဇွန်တောင်မြို့နယ် ၅၆ လမ်းနေ ဒေါ်ခင်အေးမူမိသားစု၊ ပုဇွန်တောင်မြို့နယ် ၅၂ လမ်းနေ ဒုတိယရဲမှူးကြီးမြင့်သိန်း (အငြိမ်းစား)-ဒေါ်စန်းနွဲ့၊ သားသမီးမြေးတစ်စု၊ တာမွေမြို့နယ် ကျောက်မြောင်း သီတာလမ်းနေ ဦးသက်နိုင်-ဒေါ်စုစုအေး၊ သမီး မမြတ်သက်စုမိသားစု၊ ရန်ကုန်မြို့ ၅၁ လမ်းနေ ဦးမြင့်စိုး-ဒေါ်ခင်ဥမ္မာထွန်း မိသားစု၊ ပုဇွန်တောင်မြို့နယ် ညောင်တန်းအိမ်ရာဝင်းနေ ဦးဆန်နီ-ဒေါ်ဥမ္မာမိသားစု၊ တာမွေမြို့နယ် ယုဇနပလာဇာ နှင်းဆီလမ်းနေ ဦးဇော်ရန်အောင်-ဒေါ်တင်မိုးမြင့်၊ သမီး ဖူးပွင့်ဖြူ မိသားစုနှင့် ပုဇွန်တောင်မြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းနေ ဗိုလ်ကြီးမင်းလွင်-ဒေါ်သန္တာမင်းတို့က ရွှေခေါင်းလောင်း တစ်လုံးစီတို့အတွက် ငွေကျပ်နှစ်သိန်းစီတို့ကိုလည်းကောင်း၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးနှင့် ဇနီးတို့က ငွေကျပ် တစ်သိန်းကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရ ဦးသောင်းလွင်နှင့် စေတီတော်ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးတင့်လွင်တို့က အသီးသီး လက်ခံကြပြီး အလှူရှင်များအား ထုတိမင်္ဂလာ ဂုဏ်ပြုလွှာများကို ပြန်လည်ပေးအပ်ကြသည်။

ယင်းနောက် ပရိသတ်တို့က ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်းပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

စုစုပေါင်းလှူဒါန်းငွေ

ယနေ့ ကျင်းပသည့် တတိယအကြိမ် အလှူတော်ငွေပေးအပ်ပွဲတွင် အလှူရှင် ၆၂ ဦးတို့၏ လှူဒါန်းငွေမှာ စုစုပေါင်းငွေကျပ် ၁၇၅၄၆၀၀၀ ဖြစ်သည်။

ရွှေဘုန်းပွင့် စေတီတော်မြတ်ကြီး စတုတ္ထအကြိမ် ဘက်စုံပြုပြင် မွမ်းမံပြင်ဆင်ရေးလုပ်ငန်းများအတွက် ပထမအကြိမ်မှ တတိယအကြိမ်အထိ အလှူရှင်များ၏ လှူဒါန်းငွေနှင့် အနယ်နယ်အရပ်ရပ်ရှိ ဘုရားဖူးလာ စေတနာရှင်ပြည်သူများ၏ ယနေ့အထိ ထည့်ဝင်လှူဒါန်းငွေတို့မှာ စုစုပေါင်းငွေကျပ် ၁၄၅၀၈၂၉၆၀ ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ကမ္ဘာအေး တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက် နှစ်ပတ်လည်ပူဇော်ပွဲနှင့် ဂုဏ်ပြုပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၁၉

ကျေးဇူးတော်ရှင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓမ္မပါဠိပါရဂူ၊ ပရိယတ္တိသာသနာလင်္ကာရအကျော် ဘဒ္ဒန္တ သုမင်္ဂလာလင်္ကာရ (Ph.D) ဆရာတော်ကြီး၏ မွေးနေ့ရက်မြတ်တွင် နှစ်ပတ်လည်ပူဇော်ပွဲ ပြတိုက်ဖွင့်ပွဲ၊ ရုပ်တုတော်ပူဇော်ပွဲ၊ ထေရုပ္ပတ္တိကျောက်စာတိုင် စိုက်ထူပူဇော်ပွဲများနှင့် တိပိဋကစာမေးပွဲအောင် အရှင်မြတ်များအား ဂုဏ်ပြုပူဇော်ပွဲ တို့ကို နှစ်စဉ်ကျင်းပမြဲအတိုင်း (၁၃၆၉ ခုနှစ် ကဆုန်လဆန်း ၁၀ ရက်) ဧပြီ ၂၅ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေး တိပိဋကမဟာဂန္ဓာရုံ ကျောင်းတိုက်အတွင်းရှိ သိရီမင်္ဂလာ အနန္တဂုဏ်ရည် ငါးထပ်ကျောင်းတော်ကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ကြွရောက်ကြည်ညိုနိုင်ကြကြောင်း သိရသည်။

(က-ပ)

သစ္စာဓိဋ္ဌာန်အောင်တော်မူစေတီ ရွှေထီးတော်တင်လှူပူဇော်မည်

ရန်ကုန် ဧပြီ ၁၉

မကွေးတိုင်း မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် စန္ဒကူးနံ့သာကျောင်းတော်ရာ စေတီတော်မြတ်ကြီးနှင့် လေးမိုင်ကွာ ရွှေလှေကျေးရွာ ကန်ဦးကျောင်းတိုက်တွင်းရှိ ခုနစ်ရက် သားသမီးများ ကောင်းမှုပေါင်းစု ပြုပြင်မွမ်းမံတည်ထားတော်မူသည့် ရှေးမင်းအဆက်ဆက် တည်ထားကိုးကွယ်ခဲ့သော သစ္စာဓိဋ္ဌာန် အောင်တော်မူ (ထီးလပ်) စေတီတော်မြတ်ကြီးတွင် ရွှေထီးတော်ကြီးတစ်ဆူ၊ အရံစေတီရှစ်ဆူ၊ အတွင်းစေတီတစ်ဆူ စုစုပေါင်း ထီးတော်မြတ် ၁၀ ဆူအား (၁၃၆၉ ခုနှစ် ကဆုန်လဆန်း ၉ ရက်) ဧပြီ ၂၄ ရက် (အင်္ဂါနေ့) နံနက် ၉ နာရီတွင် မကွေးတိုင်း မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ရွှေလှေကျေးရွာ ကန်ဦးကျောင်းတိုက်၌ ထီးတော်များ တင်လှူမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

အပူချိန်

၁၉-၄-၂၀၀၇

နေပြည်တော်	၄၂	ဒီဂရီစင်တီဂရိတ်
လားရှိုး	၃၅	ဒီဂရီစင်တီဂရိတ်
ထားဝယ်	၃၆	ဒီဂရီစင်တီဂရိတ်
ဗန်းမော်၊ကသာ	၃၉	ဒီဂရီစင်တီဂရိတ်
ရန်ကုန် (ကမ္ဘာအေး)	၃၉	ဒီဂရီစင်တီဂရိတ်
ဘားအံ၊ ဟသ်ာတ	၄၀	ဒီဂရီစင်တီဂရိတ်
ကန့်ဘလူ	၄၁	ဒီဂရီစင်တီဂရိတ်
မြင်းခြံ၊ အောင်လံ	၄၂	ဒီဂရီစင်တီဂရိတ်

မြန်မာ့ရုပ်မြင်သံကြား

၂၀-၄-၂၀၀၇ ရက်
(သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ အဘိဓ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချို့အေး မင်္ဂလာတေး
၇:၅၅ ၅။ ရိုးရာကျေးလက်ကစားနည်း
၈:၀၀ ၆။ အကပြိုင်ပွဲ
၈:၁၀ ၇။ မအီချောင်းတံတား
၈:၂၀ ၈။ ကြေးမုံရိပ်သွင်တေးနယဉ်
၈:၃၀ ၉။ International News
၈:၄၅ ၁၀။ Happy And Educational English Summer Course MRTV

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (သချ်ာ၊ ဓာတုဗေဒ၊ ရူပဗေဒအထူးပြုများ) [ရူပဗေဒ]
၁၆:၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၁၇:၀၀ ၅။ လက်ဆင့်ကမ်းပေးဂီတတေး
၁၇:၁၀ ၆။ နှောင်းခေတ်တေးပဒေသာ
၁၇:၂၀ ၇။ **"ဆုံစည်းခွင့်"** (မင်းထက်ကျော်ဇင်၊ ဖိုးသောကြာ၊ မြတ်ကေသီအောင်၊ ချစ်သုဝေ) (ဒါရိုက်တာ-သိန်းဟန်-ဖီးနစ်)
၁၇:၃၀ ၈။ ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
၁၈:၀၀ ၉။ ညနေခင်းသတင်း
၁၈:၃၀ ၁၀။ မိုးလေဝသအခြေအနေ
၁၈:၃၅ ၁၁။ သုတစုံလင်ရွှေဉာဏ်ရှင်
၁၉:၀၀ ၁၂။ မြန်မာ့ပန်းဆယ်မျိုး (ပန်းချီ)
၁၉:၁၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **"သစ်ရွက်ကလေး၏ ရင်ခုန်သံ"** (အပိုင်း-၁၅)
၂၀:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **"အကြင်နာရွှေဦး"** (အပိုင်း-၂၈)

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့

၂၀၀၇ ခုနှစ် မတ်လ(၃၁)ရက်နေ့အထိ နိုင်ငံအဝန်းတွင် ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ၅၅၇၁၇ တိုက်ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ကျေးလက်ပြည်သူအများ ပညာဗဟုသုတတိုးပွားစေရန်
ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် စာအုပ်များကို
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ခရိုင်၊မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ကြပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန။

မော်လမြိုင်မြို့၌ ဇီဝိတဒါန ငါးလွှတ်ပွဲကျင်းပ ပရိယတ္တိစာသင်တိုက်များသို့ လှူဖွယ်ပစ္စည်းဆက်ကပ်လှူဒါန်း

ရန်ကုန် ဧပြီ ၁၉

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ် သက်နိုင်ဝင်းနှင့်ဇနီး ဒေါ်မြင့်မြင့်စိုး၊ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးအောင်ဝင်းနှင့် အဖွဲ့ဝင်များသည် ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့်အတူ ၁၃၆၉ ခုနှစ် (မြန်မာနှစ်ဆန်းတစ်ရက်နေ့) ဧပြီ ၁၇ ရက် နံနက် ၈ နာရီခွဲက မော်လမြိုင်မြို့ သံလွင်တံတားဆိပ်ကမ်း၌ မြန်မာနိုင်ငံငါးလုပ်ငန်း အဖွဲ့ချုပ်(မွန်ပြည်နယ်)က ကြီးမှူးကျင်းပသည့် ဇီဝိတဒါန ငါးလွှတ်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးဗိုလ်မှူးချုပ် သက်နိုင်ဝင်းနှင့်ဇနီး ဒေါ်မြင့်မြင့်စိုးသည် ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့်အတူ သံလွင်မြစ်အတွင်းသို့ ငါးမြစ်ချင်း ငါးသားပေါက်ကောင်ရေ ၂၀၀၀၀ ကို ဇီဝိတဒါနအဖြစ် တပျော်တပါး စုပေါင်း၍ လွှတ်ပေးကြသည်။

တက်ရောက်

ဆက်လက်၍ တိုင်းမှူး၊ဇနီးနှင့် အဖွဲ့ဝင်များသည် မော်လမြိုင်မြို့ သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပသော ၁၃၆၉ ခုနှစ် (မြန်မာနှစ်ဆန်းတစ်ရက်နေ့)တွင် မော်လမြိုင်မြို့ပေါ်ရှိ ပရိယတ္တိစာသင်တိုက်များသို့ ဆွမ်းဆန်၊ ဆီ၊ဆားနှင့် ကြက်သွန်စသည့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်သည်။

ငါးပါးသီလခံယူ

ထို့နောက် နိုင်ငံတော်ဩဝါဒါစရိယ မော်လမြိုင်မြို့ ကော့လှာပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဩဘာသထံမှ ပရိသတ်တို့က ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များထံမှ ပရိတ်တရားတော်များကို နာယူကြသည်။

ဆက်လက်၍ တိုင်းမှူး၊ ဇနီးနှင့် အဖွဲ့ဝင်များက မော်လမြိုင်မြို့ ပရိယတ္တိစာသင်တိုက်မှ ဆရာတော်၊ သံဃာတော်များနှင့် သီလရှင်စာသင်တိုက်များကို ဆွမ်းဆန်၊ ဆီ၊ ဆား၊ ကြက်သွန်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ရေစက်ချတရားနာယူ

ထို့နောက် နိုင်ငံတော်ဩဝါဒါစရိယ မော်လမြိုင်မြို့ ကော့လှာပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက ဆရာတော်အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တဩဘာသထံမှ ပရိသတ်တို့ကအနုမောဒနာတရားနှင့် ရေစက်ချတရား နာယူကြကာ အခမ်း အနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

လှူဒါန်းခဲ့

အခမ်းအနားတွင် မော်လမြိုင်မြို့ ပရိယတ္တိစာသင်တိုက် ကိုးတိုက်နှင့် သီလရှင်စာသင်တိုက်နှစ်တိုက်တို့ကို ဆွမ်းဆန် ၇၇ အိတ်၊ ဆီ ၂၂ ပုံး၊ ကြက်သွန် ၅၅ ပိဿာ၊ ဆားပိဿာ ၁၁၀ စုစုပေါင်းတန်ဖိုးငွေကျပ်သိန်း ၂၀ ကျော် လှူဒါန်းခဲ့ကြောင်း သိရှိရသည်။

ဘိုးဘွားပူဇော်

ထိုမှတစ်ဆင့် တိုင်းမှူးသည် မော်လမြိုင်မြို့ ဘိုးဘွားရိပ်သာသို့ရောက်ရှိပြီး မွန်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ ဘိုးဘွားများ ပူဇော်ကန်တော့ပွဲသို့ တက်ရောက်သည်။

လှူဒါန်း

ရှေးဦးစွာ တိုင်းမှူးနှင့် ဇနီးနှင့် အဖွဲ့ဝင်များက ဘိုးဘွားများအား လှူဖွယ်ပစ္စည်းများကို လှူဒါန်းကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဇနီးတို့ ဦးဆောင်ကာ ဘိုးဘွားများအား ကန်တော့ကြသည်။

မေတ္တာပို့သ

ထို့နောက် ဘိုးဘွားများကိုယ်စား အဘိုးဦးလှဖေ၊ အဘွားဒေါ်ငွေကြည်တို့က မေတ္တာပို့သ၍ ဆုမွန်ကောင်းတောင်းပေးကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ဆေးပဒေသာပင်လှူ

ဦးအောင်ကျော် (မြို့မဆင်ဖြူတော်)အား ရည်စူး၍ အမှတ် ၁၂၂/၁၂၄ သမိန်ဗရမ်းလမ်း တာမွေမြို့နယ်နေ ကျန်ရစ်သူ ဇနီး၊ သားသမီး၊ မြေး၊ မြစ်များ၊ မြို့မဆင်ဖြူတော်မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆေးပဒေသာပင် ငွေကျပ် ၁၀ သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်း ရေးမှူး ဦးမောင်မောင်က လက်ခံယူစဉ်။

(က-ပ)

မော်လမြိုင် ရိုးဂိုးဘုရားပွဲတော်ကျင်းပ

ရန်ကုန် ဧပြီ ၁၉

၁၃၆၉ခုနှစ် (မြန်မာနှစ်ဆန်းတစ်ရက်နေ့) ဧပြီ၁၇ရက်သည် မြန်မာတို့၏ နှစ်သစ်ကူး မင်္ဂလာနေ့ထူးမြတ်ဖြစ်သည်နှင့်အညီ မော်လမြိုင်မြို့ ရိုးဂိုး စံပြကျေးရွာ၌ ဆံတော်ရှင် ရိုးဂိုးဘုရားပွဲတော် ကျင်းပသည်။

ထည့်ဝင်လှူဒါန်း

မြို့နယ်အသီးသီးမှ ဘုရားဖူးလာ ပြည်သူများ၊ ရေပက်ခံရေကစားကြသူများသည် ဆံတော်ရှင်ရိုးဂိုးဘုရားစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို၍ ရေချမ်းလှူဒါန်းခြင်း၊ ရေသပ္ပာယ်ခြင်း၊ ရွှေသင်္ကန်းကပ်လှူရန်အတွက် အလှူငွေများ ထည့်ဝင် လှူဒါန်းကြသည်။

ဖျော်ဖြေတင်ဆက်

ထို့ပြင် ရိုးဂိုးစံပြကျေးရွာမဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်၌လည်း ရေပက်ခံကစားကြသူများအား တေးဂီတများဖြင့် ဖျော်ဖြေတင်ဆက်သည်။

ရိုးဂိုးဘုရားပွဲတော်သို့ လာရောက်ကြသော ရေပက်ခံ ရေကစားကြသူများသည် ဖားအောက်ကျေးရွာ၊ ကော့ခမယ်ကျေးရွာ၊ ရိုးဂိုးစံပြကျေးရွာလမ်းများသို့ လှည့်လည်၍ ရေပက်ခံရေကစားကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေ သက်ကြီးအဘိုး၊အဘွားများအတွက် ထောက်ပံ့ပစ္စည်းနှင့် ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ကြီးမှူး သက်ကြီးပူဇော်၊ ထောက်ပံ့ငွေနှင့် ပစ္စည်းများလှူဒါန်း

ရန်ကုန် ဧပြီ ၁၉

ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသည့် သက်ကြီးပူဇော်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၈ နာရီခွဲက ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေတက်ရောက်၍ အဘိုးအဘွားများအား ကန်တော့ပြီး ထောက်ပံ့ငွေနှင့် ပစ္စည်းများလှူဒါန်းသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက နှုတ်ခွန်းဆက် ဂါရဝစကား ပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေနှင့် ဧည့်ပရိသတ်များက အဘိုးအဘွားများအား ကန်တော့ကြပြီး ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများကို ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် အဘိုးအဘွားများကိုယ်စား အဘိုးဦးမောင်ကလေးက ဆုတောင်းမေတ္တာပို့သပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

ထို့နောက်ရန်ကုန်တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေနှင့် တာဝန်ရှိသူများသည် ကျောင်းခန်းမအတွင်း၌ အဘိုး၊ အဘွားများအား အာဟာရကျွေးမွေးနေမှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးနေမှုတို့ကို လိုက်လံကြည့်ရှုအားပေးကြပြီး ဆေးဝါးများထောက်ပံ့ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကက်ကင်းဇာတ်ကားသစ် ရုံသုံးရုံ၌ပြသ တရုတ်သိုင်းကား နေပြည်တော်၌ရုံဝင်လာ

ရုပ်ရှင်သတင်းထောက်

ရန်ကုန် ဧပြီ ၁၉

ဒါရိုက်တာ မောင်မျိုးမင်း (ရင်တွင်းဖြစ်)၏ အချစ်ဟာသ ပညာပေးဇာတ်ကားသစ် **ကက်ကင်း** ဇာတ်ကားမှာ သမ္မတ၊သွင်နှင့် မင်္ဂလာရုံများတွင် ဆက်လက် ပြသနေဆဲဖြစ်သည်။

ကက်ကင်း

အမြွှာသမီး နှစ်ယောက်ကို တစ်ပြိုင်တည်း အိမ်ထောင်ပြုစေလိုသူ ဖခင်ကြောင့် သူငယ်ချင်းနှစ်ဦးနှင့်ကြိုက်ပြီး တစ်ပြိုင်တည်း မင်္ဂလာဆောင်ရန် စီစဉ်ကြစဉ် ဖခင်ကြောင့် ကမောက်ကမ ဖြစ်ကြရပုံများကို ဟာသနှောကာ ရိုက်ကူးထားသော ဟာသအချစ် အိမ်ထောင်ရေးပညာပေး ဇာတ်ကားဖြစ်သည်။ ရန်အောင်၊ ရဲအောင်၊ ကျော်ရဲ အောင်၊ ဒွေး၊ မေသဥ္ဇာဦးနှင့် နန္ဒာလှိုင်တို့ ပါဝင်ထားသည်။

ဆတ်သေချောင်း ဒဏ္ဍာရီမှ လူမင်းနှင့်ချိုပြုံး။

တရုတ်သိုင်းကား

ရွှေဆောင်ရုံတွင် Blood Diamond ဇာတ်ကားဆက်လက် ပြသနေပြီး နေပြည်တော်ရုံတွင် Curse Of The Golden Flower တရုတ်သိုင်းကား ရုံဝင်လာသည်။ ယင်းဇာတ်ကားတွင် ချောင်ယွန်ဖတ်၊ ဂေါင်းလီ၊ ဂျေချူးတို့ ခေါင်းဆောင် ပါဝင်ထားသည်။ တရုတ်ပြည် တန်မင်းဆက်ခေတ်တွင် နန်းတွင်းအရှုပ်အထွေးတွင် နင်ဂျာများသုံး၍ လုပ်ကြံပုံများကို ဇာတ်လမ်းဆင် ရိုက်ကူးထားသော အက်ရှင် တရုတ်သိုင်းကား ဖြစ်သည်။

အဆင့်မြင့်ရုံသုံးရုံတွင် အောင်ပွဲခံနေသော ကက်ကင်းဇာတ်ကားမှ ဇာတ်ဝင်ခန်း တစ်ခန်း။

အိန္ဒိယဇာတ်ကားများ

ဆုထူးပန်ရုံတွင် အိန္ဒိယ အက်ရှင်ဇာတ်ကား Deewane Huye Paagal ရုံဝင်လာသည်။ ယင်းဇာတ်ကားတွင် အိန္ဒိယအက်ရှင် မင်းသားများဖြစ်သော အက်ရှေးကူးမား၊ ဆူနီးလ်ရှက်သီး၊ ရှမ်းကပူးရ်တို့ ခေါင်းဆောင်ပါဝင်ထားပြီး မင်းသမီးချော ရီမီဆင်း အထူးပါဝင် သရုပ်ဆောင်ထားသည်။ မြူးကြွသော တေးသီချင်းနှင့် စတိတ်ရှိုးအကများကို တဝကြီးရှုစားကြရမည်။ ဘုရင့်ရုံတွင် အင်္ဂလိပ်စာတန်းထိုး အိန္ဒိယဇာတ်ကား Krrish ပြနေသည်။ အိန္ဒိယနာမည်ကြီး မင်းသား ရိုသစ်ရိုရှန်းနှင့် မင်းသမီးချော ပရီရင်ကာချိုပရာတို့ ခေါင်းဆောင်ပါဝင်ထားသည်။

ဒါရိုက်တာ ဝင်းထွန်းထွန်း ရိုက်ကူးပြီး လူမင်း၊ ထွန်းထွန်း၊ နေထူးနိုင်၊ နဝရတ်၊မေကဗျာ၊ချိုပြုံးတို့ခေါင်းဆောင် ပါဝင်ထားသော ဆတ်သေချောင်း ဒဏ္ဍာရီအဆင့်မြင့် မြန်မာဗီဒီယို ဇာတ်ကား နဝဒေးနှင့် မဟာမြိုင် ရုံများတွင် ပြသနေဆဲဖြစ်သည်။ ဆတ်သေချောင်း ဒဏ္ဍာရီမှာ အချစ်အိမ်ထောင်ရေး ပညာပေးအက်ရှင် ဇာတ်ကားဖြစ်သည်။ ရွှေဂုန်ရုံအပေါ်ထပ်တွင် စတီဗင်ဆီးဂဲလ် ပါဝင်သည့် Under Siege ဇာတ်ကားရုံဝင်လာပြီး ရွှေဂုန်ရုံ မြေညီထပ်တွင် ကချေသည် မလေးမြွေမင်းသမီးဇာတ်ကား Nache Nagin Gali Gali ပြသလျက်ရှိသည်။ မြို့မရုံတွင် ဆူနီးလ်ရှက်သီး၊ အက်ရှေးကူးမားတို့ ပါဝင်လှုပ်ရှားထားသည့် Awara Paagal Deewana အက်ရှင်ဇာတ်ကား တင်ဆက်ထားသည် ။ ။ **(မြန်မာ့အလင်း)**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား အမှတ် (၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

အထက်သံလွင်စီမံကိန်း၊ ရွှေလီစီမံကိန်းနှင့် တာပိန်စီမံကိန်းများ မြန်မြန်အကောင်အထည်ဖော် မြန်မြန်ပြီးစီးရန်ဆောင်ရွက်

✳ ကျောဖုံးမှ

အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ်၊ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် လားရှိုးမြို့မှ နမ့်ခမ်းမြို့နယ်ရှိ ရွှေလီ(၁) ရေအားလျှပ်စစ်စီမံကိန်းသို့ နံနက် ၁၁နာရီ မိနစ် ၅၀တွင် ရဟတ်ယာဉ်များဖြင့် ရောက်ရှိသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များအား ရွှေလီခန်းမ၌ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းက ရှင်းလင်းတင်ပြရာ၌ ရွှေလီ(၁)ရေအားလျှပ်စစ်စီမံကိန်းမှာ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၆၀၀ ရရှိမည့် စီမံကိန်းဖြစ်ပါကြောင်း။

စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန် အကြို အင်ဂျင်နီယာလုပ်ငန်းများဖြစ်သည့် ချဉ်းကပ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းများ၊ ရွှေလီမြစ်ကူး တံတားတည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပြီး ဖြစ်ပါကြောင်း၊ ကွန်ကရစ်ရေထိန်းတမံ တည်ဆောက်ခြင်းလုပ်ငန်း၊ ရေလွှဲဥမင်လိုဏ် ဖောက်လုပ်ခြင်းလုပ်ငန်း၊ ရေခေါ်မြောင်းနှင့် ရေယူအဆောက်အအုံတည်ဆောက်ခြင်းလုပ်ငန်း၊ ချဉ်းကပ်ဥမင်လိုဏ်ဖောက်လုပ်ခြင်းလုပ်ငန်း စသည့် အဓိကတည်ဆောက်မှုလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ပဏာမရှင်းလင်းတင်ပြသည်။

အကောင်အထည်ဖော်

ဆက်လက်၍ ဝန်ကြီးဗိုလ်မှူးကြီးဇော်မင်းက ရှမ်းပြည်နယ် မိုးမိတ်မြို့နယ်၌ တပ်ဆင်စက်အင်အား မဂ္ဂါဝပ် ၄၆၀ ရရှိမည့် ရွှေလီ(၂)ရေအားလျှပ်စစ်စီမံကိန်းနှင့် မဂ္ဂါဝပ် ၃၆၀ ရရှိမည့် ရွှေလီ(၃) ရေအားလျှပ်စစ်စီမံကိန်း၊ ကချင်ပြည်နယ် မိုးမောက်မြို့နယ်၌ ၂၄၀ မဂ္ဂါဝပ် ရရှိမည့် တာပိန်(၁) ရေအားလျှပ်စစ်စီမံကိန်းနှင့် ၁၆၈ မဂ္ဂါဝပ်ရရှိမည့် တာပိန်(၂) ရေအားလျှပ်စစ်စီမံကိန်း၊ ရှမ်းပြည်နယ် ကွမ်းလုံဒေသ၌ မဂ္ဂါဝပ် ၂၄၀၀ ရရှိမည့် အထက်သံလွင် ရေအားလျှပ်စစ်စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် လျှပ်စစ်စွမ်းအားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းထွန်းက မိုင် ၁၈၀ ရှိ ရွှေလီ-မန်စံ-ရွှေစာရံ(မန္တလေး) ၂၃၀ ကေဗွီ ဓာတ်အားလိုင်း သွယ်တန်းခြင်းလုပ်ငန်းများနှင့် လုပ်ငန်းပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ်က ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

မြန်မြန်ပြီးစီးရန်လို

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက အထက်သံလွင်စီမံကိန်း၊ ရွှေလီစီမံကိန်းနှင့် တာပိန်စီမံကိန်း အဆင့်ဆင့်တို့ကို မြန်မြန်အကောင်အထည်ဖော် မြန်မြန်ပြီးစီးရန်လိုကြောင်း။

လက်ရှိတွေ့ရှိ တိုင်းတာထားသော ရေအရင်းအမြစ်များအပြင် အခြားအလားအလာရှိသော ရေအရင်းအမြစ်များကို ဆက်လက်ရှာဖွေသွားရန်ဖြစ်ကြောင်း။

စနစ်တကျဖြန့်ဖြူး

ရေအားလျှပ်စစ်ထုတ်လုပ်မှုအပိုင်းကို အင်တိုက်အားတိုက်ဆောင်ရွက်လျက်ရှိသကဲ့သို့ ယင်းစီမံကိန်းများမှ ထွက်ရှိလာမည့် လျှပ်စစ်ဓာတ်အားကို စနစ်တကျ ဖြန့်ဖြူးပေးမည့် မဟာဓာတ်အားလိုင်းစနစ်ကိုလည်း အချိန်ကိုက်ပြီးစီးအောင် တည်ဆောက်သွားရန်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် တည်ဆောက်ရေးလုပ်ငန်းများကို ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနနှင့် အကျိုးတူပူးပေါင်း ဆောင်ရွက်လျက်ရှိသည့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ YUPD Co., မှ Executive Vice President Mr. MA Lipeng နှင့် YMEC Co., မှ Vice President Mr. He Wen တို့အား သစ်သီးလက်ဆောင်ပေးအပ်သည်။

ရှုရပ်မှုကြည့်ရှု

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် အလျား ၅၃၁ ပေ၊ အမြင့် ၁၅၄ ပေရှိမည့် ကွန်ကရစ်ရေထိန်းတမံတည်ဆောက်ခြင်းလုပ်ငန်းများ၊ ရေယူအဆောက်အအုံ၊ ရေလွှဲအဆောက်အအုံ တည်ဆောက်ခြင်းလုပ်ငန်းများကို ရှုရပ်မှုကြည့်ရှုကြသည်။

ရွှေလီ(၁)ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများမှာ ယခုအခါ ၅၁ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်သည်။

မဂ္ဂါဝပ် ၄၆၀ ရရှိမည့် ရွှေလီ(၂)ရေအားလျှပ်စစ်စီမံကိန်း၊ မဂ္ဂါဝပ် ၃၆၀ ရရှိမည့် ရွှေလီ(၃)ရေအားလျှပ်စစ်စီမံကိန်းတို့ကိုလည်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ရာ ရွှေလီရေအား လျှပ်စစ်စီမံကိန်း(၃)ခုမှနေ၍ လျှပ်စစ်ဓာတ်အားမဂ္ဂါဝပ် ၁၄၂၀ ထုတ်ယူရရှိမည်ဖြစ်သည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ရွှေလီ(၁)ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ရဟတ်ယာဉ်များဖြင့် လားရှိုးမြို့သို့ထွက်ခွာ၍ လေယာဉ်ဖြင့် ပြင်ဦးလွင်မြို့သို့ ဆက်လက်ထွက်ခွာခဲ့ကြရာ ညနေပိုင်းတွင် ရောက်ရှိကြသည်။ **(သတင်းစဉ်)**

ရှမ်းပြည်နယ် မိုးမိတ်မြို့နယ်၌ တပ်ဆင်စက်အင်အား မဂ္ဂါဝပ် ၄၆၀ရရှိမည့် ရွှေလီ(၂) ရေအားလျှပ်စစ်စီမံကိန်းနှင့် မဂ္ဂါဝပ် ၃၆၀ ရရှိမည့် ရွှေလီ(၃) ရေအားလျှပ်စစ်စီမံကိန်း၊ ကချင်ပြည်နယ် မိုးမောက်မြို့နယ်၌ ၂၄၀ မဂ္ဂါဝပ်ရရှိမည့် တာပိန်(၁) ရေအားလျှပ်စစ်စီမံကိန်းနှင့် ၁၆၈ မဂ္ဂါဝပ်ရရှိမည့် တာပိန်(၂) ရေအားလျှပ်စစ်စီမံကိန်း၊ ရှမ်းပြည်နယ် ကွမ်းလုံဒေသ၌ မဂ္ဂါဝပ် ၂၄၀၀ ရရှိမည့် အထက်သံလွင် ရေအားလျှပ်စစ်စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်။

ဒါရိုက်တာ ဓာတ်ပုံအဏ်ထော်ဏီ(မော်လမြိုင်)-မမင်းမင်းသက် 'ဖြိုးနှင့်မင်း'ရုပ်ရှင်မိသားစု ဒုတိယအကြိမ် ရဟန်းခံ၊ သီလရှင်ဝတ်အလှူပွဲကို ရွှေမိုးသည်း ရုပ်ရှင်ကြည့်ပရိသတ်များထဲမှ ကံစမ်းမဲနှိုက်၍ ရဟန်း ၂၃ပါး၊ သီလရှင် ၁၇ပါး စုစုပေါင်း အပါး ၄၀တို့အား ပုဇွန်တောင်မြို့နယ် ရွှေကျင်ကျောင်းတိုက်တွင် ဧပြီ ၁၀ရက်က အလှူတော်မင်္ဂလာကျင်းပစဉ်။ (က-ပ)

မြန်မာ နှစ်ဆန်း တစ်ရက်က တာမွေမြို့နယ်ကျောက်မြောင်း အရှေ့ ရပ်ကွက် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးပြီး လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းပါဝင်၍ပထမအကြိမ်မြောက် သက်ကြီးပူဇော်ပွဲကို ရပ်ကွက်ရုံးခန်းမ၌ ကျင်းပရာ ရပ်ကွက် အတွင်းရှိ အသက် ၇၅နှစ် အထက် သက်ကြီးအဘိုးအဘွား ၉၂ဦးတို့အား ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းဝင်းနှင့် အဖွဲ့ဝင်များက ပူဇော်ကန်တော့ပြီး လက်ဆောင်ပစ္စည်းများပေးအပ်စဉ်။ (က-ပ)

ဇေယျသိဒ္ဓိရှေးဟောင်းစေတီတော်အုတ်မြစ်တော်စီ အခမ်းအနားကျင်းပ သာသနာရေးဝန်ကြီးတက်ရောက်၍ အလှူငွေလက်ခံပြီး အုတ်မြစ်တော်စီသွင်းပေး

ရန်ကုန် ဧပြီ ၁၉

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၁၄၀)ရပ်ကွက်ရှိ ပဏ္ဍိတာရာမစာသင်ကျောင်းတိုက်အတွင်း တည်ထားကိုးကွယ်မည့် ဇေယျသိဒ္ဓိရှေးဟောင်းစေတီတော်ရတနာအုတ်မြစ်တော်စီအခမ်းအနားနှင့် အလှူတော်ငွေပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်၇နာရီတွင် အဆိုပါကျောင်းတိုက်အတွင်း၌ ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် တက်ရောက်၍ အလှူငွေများလက်ခံပြီး ရတနာအုတ်မြစ်တော်စီ သွင်းပေးသည်။

သီလယူ

ရှေးဦးစွာ အခမ်းအနားကို နမော တဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး နိုင်ငံတော်သြဝါဒါစရိယ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ တောတိုက်ဓမ္မရိပ်သာ ဆရာတော် ဘဒ္ဒန္တဓမ္မသာရထံမှ ဒေါ့ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြသည်။

မေတ္တာသုတ်

ထို့နောက် ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲနှင့် ပရိတ်ကျောက်များကို သံဃာတော်များထံ ဆက်ကပ်ပြီး သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော မေတ္တာသုတ်ပရိတ်တရားတော်ကို နာယူကြသည်။

ဆက်ကပ်

ဆက်လက်၍ ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲနှင့် ပရိတ်ကျောက်များကို သံဃာတော်များထံမှ ယူဆောင်၍ စေတီတော် ဝတ္ထုကံတွင် ပက်ဖျန်းကြဲဖြန့် ချည်နှောင်ကြသည်။ ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် တာဝန်ရှိသူများက သံဃာတော်များထံ ရတနာနဝရတ်ကြုတ်တော်၊ မော်ကွန်းကျောက်စာတော်နှင့် ရတနာအုတ်မြစ်တော်တို့ကို ဆက်ကပ်ပြီး လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

အမျှပေးဝေ

ယင်းနောက် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။ ထို့နောက် အဂ္ဂမဟာပဏ္ဍိတ ရန်ကင်းမြို့နယ် မဟာဗောဓိကျောင်းစာသင်တိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိတထံမှ ဒေါ့ပရိသတ်များက အနုမောဒနာတရားနာကြား၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ပူဇော်

ဆက်လက်၍ ဥပါသကာများက ရတနာကြုတ်တော်၊ မော်ကွန်းကျောက်စာတော်နှင့် ရတနာအုတ်မြစ်တော်များကို ရွှေရတနာကျောင်းဆောင်မှ စေတီတော် တည်ထားကိုးကွယ်မည့် ဝတ္ထုကံမြေသို့ ပင့်ဆောင်ကြပြီး မင်္ဂလာအချိန် ကျရောက်သည့် အခါတွင် ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က ရတနာကြုတ်တော်၊ မော်ကွန်း ကျောက်စာတော်နှင့် အဖုံးကျောက်တော်ကို စီသွင်းလှူဒါန်း၍ အမွှေးနံ့သာရည် ပက်ဖျန်းပူဇော်သည်။

အုတ်မြစ်တော်စီ

ထို့နောက် ဥပါသကာများ ဖြစ်ကြသော ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ) ဒေါက်တာမြင့်ကြည်၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြအောင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကိုကိုလှိုင်၊ ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဇော်အောင်၊ ဦးထွန်းရွှေ (ထွန်းရွှေဝါတိုင်းရင်းဆေး)နှင့် ဦးသောင်းတို့က ရတနာအုတ်မြစ်တော် စီသွင်းပေးကြသည်။

ဆက်လက်၍ ဥပါသကာများက ရတနာအုတ်မြစ်တော်များအား အမွှေးနံ့သာရည်ပက်ဖျန်းပြီး သံဃာတော်များနှင့် ဒေါ့ပရိသတ်များက ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ဇေယျသိဒ္ဓိပဏ္ဍိတာရာမစာသင်တိုက် ဇေယျသိဒ္ဓိဆုတောင်းပြည့်စေတီတော်ရတနာအုတ်မြစ်တော်စီအခမ်းအနားတွင် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က အလှူရှင် ဦးထွန်းရွှေ-ဒေါ်သင်းသင်းဆွေ(ထွန်းရွှေဝါ မိသားစု)လှူဒါန်းသော အလှူငွေ ကျပ် ၂၅သိန်းကို လက်ခံယူစဉ်။ (က-ပ)

နှစ်ကျိပ်ရှစ်ဆူဗုဒ္ဓပူဇနိယပွဲတော်နှင့်ဓမ္မပူဇာသဘင်အထူးတရားပွဲ

ရန်ကုန် ဧပြီ ၁၉

ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ် အမှတ်(၆)ရပ်ကွက် တပ်မြေ ရပ်ကွက်သူရပ်ကွက်သားများ၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော နှစ်ကျိပ်ရှစ်ဆူဗုဒ္ဓပူဇနိယပွဲတော်နှင့် ဓမ္မပူဇာသဘင်အထူးတရားပွဲများကျင်းပမည်ဖြစ်ရာ ဧပြီ၂၃ရက်(တနင်္လာနေ့)တွင် အရှင်ကောသလ္လ(ဓမ္မစေတီ)၊ ၂၄ရက်(အင်္ဂါနေ့)တွင် အရှင်ဇဝန(မေတ္တာရှင်)၊ ၂၅ရက်(ဗုဒ္ဓဟူးနေ့)တွင် ဒေါက်တာအရှင်ကောဝိဒ(မဇ္ဈိမဂုဏ်ရည်)ဆရာတော်တို့က နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားမည်ဖြစ်သည်။ **(က-ပ)**

စာချတန်းသုံး သဒ္ဒါ အထူးသင်တန်းဖွင့်မည်

ရန်ကုန် ဧပြီ ၁၉

စာချတန်းသုံး သဒ္ဒါအခြေခံရရှိထားရန် လိန်ဂိုဏ်းကာရန်ဓာတ်ပစ္စည်း ဝိဘတ်ဝိဂ္ဂဟပြုနည်းများ ထူးခြားစွာ နားလည်ရန် စာချတန်းစည်းမျဉ်းများကို ကြိုတင်သိထားရန်အတွက် စာချတန်းသုံး သဒ္ဒါအထူးသင်တန်းကို ပါဠိဂုဏ်ထူးဆရာကြီး ဦးအောင်ခိုင် ကိုယ်တိုင် ၁၃၆၉ခုနှစ် ကဆုန်လဆန်း၁၁ရက်မှစ၍ ညနေ၄နာရီမှ၅နာရီအထိ ပို့ချမည်ဖြစ်ရာ ဗဟန်း ၃လမ်း တိုက် ၃၁ အခန်း၂ဘီ၌ စာရင်းပေးသွင်း စုံစမ်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ဒွိပိဋက(ပိဋက)နှစ်ပုံအောင် ဆရာတော်အရှင်စန္ဒနအားပူဇော်မည်

ရန်ကုန် ဧပြီ ၁၉

ပဲခူးတိုင်း ပဲခူးမြို့နယ် ပေါက်တောကျေးရွာ ကျောင်းကြီး ဘုန်းတော်ကြီးကျောင်းတိုက်မှ ဂဏဝါစကဓမ္မာစရိယဘွဲ့၊ သာသနဓဇဓမ္မာစရိယဘွဲ့၊ ဝိနယဝိဒူဘွဲ့၊ နိကာယဒွေ့တကဝိနယဓရဘွဲ့၊ ဝိနယဓရဓမ္မာစရိယဘွဲ့၊ ဝိသိဋ္ဌဝိနယဓရဘွဲ့၊ ဝိနယကောဝိဒဘွဲ့၊ ဝိသိဋ္ဌဒီဃဘာဏကဘွဲ့၊ ဒီဃနိကာယကောဝိဒဘွဲ့၊ ဝိသိဋ္ဌဒွိပိဋကဓရဘွဲ့၊ ဒွိပိဋကကောဝိဒဘွဲ့(ပိဋက)နှစ်ပုံအောင် ဆရာတော် အရှင်စန္ဒနအား (၁၃၆၉ခုနှစ် ကဆုန်လဆန်း ၁၄ရက်) ဧပြီ ၂၉ရက်တွင် ပဲခူးမြို့နယ် ပေါက်တောကျေးရွာ ကျောင်းကြီးကျောင်းတိုက်တွင် ပူဇော်ပွဲကျင်းပမည်ဖြစ်သည်။ မည်သူမဆို ကြွရောက်ကြည်ညိုနိုင်ရန် အကျိုးဆောင်အဖွဲ့က နှိုးဆော်ဖိတ်ကြားထားကြောင်း သိရသည်။ **(သတင်းစဉ်)**

မိုးကုတ်ဝိပဿနာ ခုနစ်ရက်တရားစခန်း

ရန်ကုန် ဧပြီ ၁၉

ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ရှမ်းတဲကြီးအထက်ကျေးရွာ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာကြီး၌ သန်လျင်မြို့ အောင်ချမ်းသာ(၂) မိုးကုတ်ရိပ်သာ ပဓာနနာယက မိုးကုတ်ဝိပဿနာ တရားစဉ်နှင့် လုပ်ငန်းစဉ် ပြန့်ပွားရေး အဖွဲ့ချုပ် နယ်လှည့် သာသနာပြု ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တခေမာစာရ (အောင်ခေမာဆရာတော်) အရှင်သူမြတ်သည် ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယ အတိုင်း ပဋိစ္စသမုပ္ပါဒ်တရား၊ သစ္စာလေးပါး တရားတော်များကို မေ ၂ ရက်မှ ၈ရက်အထိ ဟောကြားချီးမြှင့်မည်ဖြစ် သည်။

တရားစခန်းဝင်လိုသူများနှင့် အလှူရှင်များသည် အမှုဆောင်အဖွဲ့ ဦးစိုးဝင်း ဖုန်း-၅၇၀၆၅၆၊ ဦးခင်ကြည် ဖုန်း-၅၇၂၆၉၄၊ ဦးတင်မြင့် ဖုန်း-၅၇၂၈၁၅ နှင့် ဦးမောင်ညို ဖုန်း-၅၆၅၄၄၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် မိုးကောင်းဆုတောင်းပြည့် စေတီတော် ရွှေပြားသက်န်းကပ်လှူခြင်း အလှူတော်အတွက် ရန်ကင်းမြို့နယ် သုခဝတီလမ်း အမှတ် ၂၂နေ ဒေါ်ခင်ထားလတ် မွေးနေ့ အလှူတော်ငွေ ကျပ်တစ်သိန်းကို ဒုတိယဥက္ကဋ္ဌ ဦးကိုကိုကြီးနှင့် တွဲဖက် အတွင်းရေးမှူး ဦးစိန်ဝင်းတို့ထံ ပေးအပ် လှူဒါန်းစဉ်။

(က-ပ)

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဧပြီ ၁၉

ဒုတိယဗိုလ်မှူးကြီး ဝင်းဦးသည် မြန်မာနိုင်ငံဂေါက်သီးရိုက်အသင်းတွင် ဧပြီ ၁၃ရက်က ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ်၅၌ ၁၅၄ကိုက် အကွာမှ PRECEPT DEFEE NO.11 ဘောလုံးကို TRIDEND WOOD NO.5တုတ်ဖြင့်ရိုက်လိုက်ရာ တစ်ချက်တည်း ကျင်းဝင်ခဲ့သည်။

ထိုအချိန်တွင် ကစားဖော်များဖြစ်ကြသော ရဲမှူးကြီး နိုပ်စောနန်း(ငြိမ်း)၊ ဦးတင်ဆန်း(ပြည်တွင်းအခွန်)၊ ဦးစိုင်းမျိုးနိုင်(လွယ်မွယ်ပွဲရုံ)၊ ဦးသက်အောင်(ပြည်တွင်းအခွန်၊ငြိမ်း)တို့အတူ ကစားခဲ့ကြောင်း သိရသည်။ **(က-ပ)**

တာမွေမြို့နယ် ဗျိုင်းရေအိုးစင် ကွက်သစ် ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကကြီးမှူး၍ ရပ်ကွက် အတွင်းရှိ လူမှုရေး အသင်းအဖွဲ့များနှင့် စေတနာရှင်များ စုပေါင်း၍ ၁၃၆၉ခုနှစ် မြန်မာနှစ်ဆန်း တစ်ရက်နေ့က သက်ကြီး အဘိုးအဘွား ၃၀တို့အား ပူဇော်ကန်တော့ပွဲ ကျင်းပစဉ်။

(မြန်မာ့အလင်း)

ဧပြီ ၁၉ရက်က ရန်ကုန်မြို့ လှိုင်မြို့နယ် ရန်ကုန်-အင်းစိန်လမ်းနေ ဗိုလ်ကြီးလှဝင်း(ငြိမ်း)- ဒေါ်တင်တင်ခိုင်မိသားစုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရငွေပဒေသာပင် ကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၂) လက်ခံစဉ်။ (က-ပ)

ရွှေပြည်ဟိန်းကုသိုလ်ဖြစ်ဆေးခန်း နှစ်သစ်ဦးအလှူငွေများလှူဒါန်း

ရန်ကုန် ဧပြီ ၁၉

ရွှေပြည်ဟိန်းကုသိုလ်ဖြစ်ဆေးခန်းသို့ နှစ်သစ်ဦးဒါနအဖြစ် အလှူရှင်များက လာရောက်လှူဒါန်းကြရာ ဗိုလ်ချုပ်အောင်ဆန်းဈေး ဗဟိုရုံ ညွှန့်ညွှန့်ဇာဘော်လီ မိသားစုက ငွေကျပ်ငါးသိန်း၊ ခေတ္တ-အမေရိကန်နိုင်ငံရောက် ဒေါ်ညွှန့်လိန်၏ မွေးနေ့ဒါနအဖြစ် မဟာဗန္ဓုလပန်းခြံလမ်း ကျောက်တံတားမိသားစုက ငွေကျပ်ငါးသိန်း၊ တာမွေမြို့နယ် မာန်အောင်ရပ်ကွက် အောင်ချမ်းသာပုံနှိပ်တိုက်မိသားစုက ဖခင်ကြီး ဦးကြည်မြင့် (၆)နှစ်မြောက်အား ရည်စူး၍ ငွေကျပ်သုံးသိန်း၊ တောင်ဥက္ကလာပ ၆-ရပ်ကွက် ဗြဟ္မစိုရ်လမ်း ဦးမြသောင်းအား ရည်စူး၍ ဒေါ်ခင်သန်းမိသားစုက ငွေကျပ်တစ်သိန်း၊ သုဝဏ္ဏစရည်းပင်လမ်း ဒေါ်စန္ဒာသန်းမိသားစု၊ အလုံ ကမ်းနားလမ်း ထော်လီကွေ့ ဦးကျော်ဟန်မြင့်-ဒေါ်လေးလေးမြင့်မိသားစု၊ ရန်ကင်း ပြည်သာယာလမ်း ဦးစိုးသိမ်းမိသားစု၊ ကျောက်ကုန်း အောင်ဇေယျလမ်း ဦးသိန်းဇော်-ဒေါ်မြင့်မြင့်ဝင်းမိသားစု၊ မှော်ဘီမြို့ ဆန်းသူရိန်ဆန်စက်မိသားစု၊ လမ်းမတော် ဝါးတန်းလမ်း ဦးမြင့်စိုး-ဒေါ်ခင်ဝင်းမိသားစု၊ သဃ်န်းကျွန်းကြီးပွားရေးမြောက် ဦးကျော်ဆန်း-ဒေါ်အေးသန်းမိသားစု၊ သုဝဏ္ဏဘော်စင်လမ်း ဦးအောင်မြင့်-ဒေါ်ခင်စိုးကြည်မိသားစု၊ စမ်းချောင်း မအူပင်လမ်း ဦးမောင်မောင်ကြည်-ဒေါ်သန္တာမိသားစု၊ တောင်ဥက္ကလာပ ၈-ရပ်ကွက် ဦးတင်ဦး-ဒေါ်မြင့်မြင့်ရီ မိသားစု၊ တာမွေလေး မင်းရဲကျော်စွာအိမ်ရာ ဦးဝင်းလတ်မိသားစုတို့က အသီးသီး ငွေကျပ်တစ်သိန်းစီ လှူဒါန်းကြသည်။

ဆေးနှင့်အလှူငွေများကို ရွှေပြည်ဟိန်းကျောင်း ဖုန်း-၅၄၁၄၉၃ နှင့် ၀၉-၅၁-၀၂၁၉၇ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

မြန်မာ့အလင်း အင်တာနက် ဟော့ပိတ်သတင်း

ဘဂ္ဂဒက်၌ အဆိုးရွားဆုံးဗုံးခွဲတိုက်ခိုက်မှုများဖြစ်ပွား အများစုမှာကားဗုံးခွဲတိုက်ခိုက်မှုဖြစ်၊ လူ၂၀၀နီးပါးသေဆုံး

ဘဂ္ဂဒက် ဧပြီ ၁၉

အီရတ်နိုင်ငံတွင် အမေရိကန်တပ်ဖွဲ့ဝင်များက လုံခြုံရေးစစ်ဆင်ရေး စတင် ဆင်နွှဲခဲ့ပြီးနောက် ဧပြီ ၁၈ရက်က ဘဂ္ဂဒက်မြို့၌ ကားဗုံးခွဲတိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ရာ လူ ၂၀၀နီးပါး သေဆုံးခဲ့ရသည့်အတွက် စိုးရိမ်ပူပန်မိကြောင်း အီရတ်ဝန်ကြီးချုပ် နော်ရီမာလီကီက ပြောကြားခဲ့သည်ကို ဧပြီ၁၉ရက်က အင်တာနက်သတင်း၌ ဖော်ပြသည်။

သေဆုံး

အဆိုပါ ဗုံးခွဲတိုက်ခိုက်မှုများမှာ ဘဂ္ဂဒက်မြို့ရှိ ဆာဒရီယာအရပ်၌လည်းကောင်း၊ ဆာဒါစီးတီးအရပ်၌လည်းကောင်း၊ ကာရာဒါအရပ်၌ လည်းကောင်း၊ အယ်လ်ရှာဂျားအရပ်၌လည်းကောင်း ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဆာဒရီယာအရပ်ရှိ အစားအသောက်များ ရောင်းချသောဈေးကြီး၌ ကားဗုံးခွဲတိုက်ခိုက်ခဲ့ရာ လူ၁၄၀ခန့်သေဆုံးခဲ့သည်။

ဖြစ်ပွား

ယင်းတိုက်ခိုက်မှုသည် ယခုနှစ်ကုန်ပိုင်းတွင် အီရတ်နိုင်ငံတစ်ဝန်း အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များက ထိန်းချုပ်သွားမည်ဟု အီရတ်ဝန်ကြီးချုပ်က ပြောကြားခဲ့ပြီးနောက် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ထိုတိုက်ခိုက်မှုတွင် လူကြီး၊လူငယ်၊မိန်းမ၊ယောက်ျားခွဲခြားမရအောင် အတုံးအရုံး သေဆုံးနေသည့်မြင်ကွင်းမှာ မြင်မကောင်း၊ ရှုမကောင်း အောင်ပင်ဖြစ်ကြောင်း ၎င်းဝန်ကြီးချုပ်က ဆက်လက်ပြောကြားသည်။

၎င်းဒေသသည် ရှီးယားလူမျိုးအများစုနေထိုင်ရာ အရပ်ဖြစ်သည်။

အခြားတိုက်ခိုက်မှု

တစ်ဖန် ဆာဒါစီးတီးအရပ်၌လည်း ကားဗုံးခွဲတိုက်ခိုက်ရာ အနည်းဆုံး ၃၅ဦး သေဆုံးခဲ့ကြောင်း၊ ကာရာဒါအရပ် ပုဂ္ဂလိကဆေးရုံတစ်ရုံအနီး၌လည်း ကားဗုံးခွဲတိုက်ခိုက်ရာ အနည်းဆုံး ၁၁ ဦး သေဆုံးခဲ့ကြောင်း၊ အယ်လ်ရှာဂျားအရပ်၌လည်း မီနီဘတ်စ်ကားပေါ်တွင် ဗုံးခွဲတိုက်ခိုက်ရာ အနည်းဆုံး နှစ်ဦးသေဆုံးခဲ့ကြောင်း၊ ဘဂ္ဂဒက်မြို့ အခြားတိုက်ခိုက်မှုနှစ်ရပ်တွင်လည်း ၁၁ ဦးခန့် သေဆုံးခဲ့ကြောင်း သိရသည်။

(အင်တာနက်)

ဗင်နီဇွဲလားနိုင်ငံ ရေနံချက်စက်ရုံ၏ လုပ်ငန်းခွင်တစ်နေရာကို မေ ၁၇ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဘယ်လ်ဂျီယံသည် ကမ္ဘာပေါ်၌ ဆေးနှင့်ဆေးဝါးဆိုင်ရာပစ္စည်း အများဆုံးတင်ပို့သော နိုင်ငံဖြစ်

ဘရပ်ဆဲလ် မေ ၁၉

ဆေးဝါးဖော်စပ်ရာတွင်အသုံးပြုသည့် ပစ္စည်းများ၊ ဓာတုထုတ်ကုန်ပစ္စည်းများနှင့် အခြားဆေးပစ္စည်းများ ပြည်ပတင်ပို့ရောင်းချမှုတွင် ဘယ်လ်ဂျီယံနိုင်ငံသည် ကမ္ဘာပေါ်တွင် အများဆုံးဖြစ်ကြောင်း ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (ဒဗလျူတီအို)၏ မေ ၁၅ ရက်က ထုတ်ပြန်သောစာရင်းဇယား၌ ဖော်ပြထားသည်။

ဒဗလျူတီအို၏ စာရင်းများအရ အဆိုပါပစ္စည်းများ ပြည်ပ တင်ပို့မှုတွင် ၂၀၀၆ခုနှစ်က ဘယ်လ်ဂျီယံနိုင်ငံသည် ကမ္ဘာ့ဆေးဝါးဖော်စပ်ရာ၌ အသုံးပြုသည့် ပစ္စည်းတင်ပို့သော အကြီးမားဆုံး ၁၀နိုင်ငံမြောက် နိုင်ငံတစ်နိုင်ငံဖြစ်ခဲ့သည်။

ထိပ်တန်းနိုင်ငံ

ကမ္ဘာတွင် ဆေးဝါးဖော်စပ်မှု၌ အသုံးပြုသည့် ပစ္စည်းများ တင်ပို့မှု၌ အကြီးမားဆုံး နိုင်ငံများမှာ ရုရှား၊ တောင်ကိုရီးယား၊ စင်ကာပူနှင့် ဘယ်လ်ဂျီယံနိုင်ငံတို့ပင် ဖြစ်သော်လည်း ယခုနှစ်၌ ဘယ်လ်ဂျီယံနိုင်ငံသည် ထိပ်တန်းနိုင်ငံအဖြစ် ရောက်ရှိလာခဲ့သည်။

ဖော်ပြ

ဘယ်လ်ဂျီယံနိုင်ငံသည် ၃၀၅၀၀ စတုရန်းကီလိုမီတာတွင် လူဦးရေ ၁၀သန်းခန့် နေထိုင်သော နိုင်ငံဖြစ်ပြီး အဓိကတင်ပို့သော ကုန်ပစ္စည်းများမှာလည်း ဆေးဝါးဖော်စပ်ရာတွင် အသုံးပြုသည့် ပစ္စည်းများ၊ ဓာတုပစ္စည်းများ၊ ပလတ်စတစ်ပစ္စည်းများ ဖြစ်ကြောင်း မီဒီယာများက ဖော်ပြသည်။

ထို့အတူ ဘယ်လ်ဂျီယံနိုင်ငံသည် အဆိုပါ ကုန်ကြမ်းပစ္စည်းများကို ပြည်ပမှ တင်သွင်းရာတွင်လည်း ကမ္ဘာပေါ်၌ အများဆုံးတင်သွင်းရသည့် ၁၀ နိုင်ငံမြောက်နိုင်ငံလည်း ဖြစ်သည်။ ဒဗလျူတီအို၏စာရင်းများအရ ၂၀၀၆ ခုနှစ်က ဆေးဝါးဖော်စပ်သည့် ပစ္စည်းများတင်ပို့မှု၌ ကမ္ဘာ့အကြီးဆုံးနိုင်ငံမှာ ဂျာမနီနိုင်ငံဖြစ်သည်။ ဂျာမနီနိုင်ငံနည်းတူ အမေရိကန်နှင့် တရုတ်နိုင်ငံတို့လည်း တင်ပို့မှု များပြားခဲ့ကြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဂျာမနီနိုင်ငံ ဘာလင်မြို့တွင် ဖွင့်လှစ်ထားသည့် ပရိမီနာဒန်အမည်ရှိ ကုန်ပဒေသာအရောင်းဆိုင်ကြီး၏အတွင်း တစ်နေရာကို မေ ၁၇ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ပါကစ္စတန်ဝန်ကြီးချုပ် တရုတ်သို့ ရောက်ရှိ

ပေကျင်း မေ ၁၉

ပါကစ္စတန်ဝန်ကြီးချုပ် ရှော်ကတ်အဇစ်သည် တရုတ်ဝန်ကြီးချုပ် ဝမ်ကြားပေါင်၏ ဖိတ်ကြားချက်အရ ငါးရက်ကြာ အလည်အပတ်ခရီးအဖြစ် တရုတ်နိုင်ငံ ပေကျင်းမြို့သို့ မေ ၁၆ ရက်တွင် ရောက်ရှိခဲ့သည်။

ပါကစ္စတန် ဝန်ကြီးချုပ်သည် ပေကျင်းမြို့တွင် နေထိုင်စဉ်အတွင်း တရုတ်ဝန်ကြီးချုပ် ဝမ်ကြားပေါင်နှင့် ဒုတိယဝန်ကြီးချုပ် ဂူရီတို့နှင့် တွေ့ဆုံမည် ဖြစ်သည်။

တရုတ်နိုင်ငံ စီချွမ် ပြည်နယ် ချန်ဒူမြို့သို့လည်း ပါကစ္စတန် ဝန်ကြီးချုပ်သည် သွားရောက် လည်ပတ်မည် ဖြစ်သည်။

အမ်အင်န်အေ၊ ဆင်ဟွာ

အိမ်ဖြူတော် အစောင့်အရှောက်နှစ်ဦး သေနတ်ဖြင့် ပစ်ခတ်ခံရ၍ ဒဏ်ရာရရှိ

ဝါရှင်တန် မေ ၁၉

အမေရိကန် အရာရှိနှစ်ဦးသည် အိမ်ဖြူဂိတ်အတွင်း အခြားအရာရှိတစ်ဦးက သေနတ်ဖြင့် ပစ်ခတ်ခဲ့သဖြင့် ဒဏ်ရာရရှိသွားကြောင်း ပြောရေးဆိုခွင့်ရှိသူ ဒါရင်ဘလက်ဖို့ဒ်က ပြောကြားလိုက်သည်။

အမ်အင်န်အေ၊ရိုက်တာ

အာဖဂန်နစ္စတန်၌ လမ်းဘေးဗုံးပေါက်ကွဲ၊ လူငါးဦးသေဆုံး

ကင်ဒါဟာ (အာဖဂန်နစ္စတန်) မေ ၁၉

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ကင်ဒါဟာပြည်နယ်၌ ကုလသမဂ္ဂယာဉ်တစ်စီး မေ ၁၇ရက်က လမ်းဘေးဗုံး ပေါက်ကွဲမှုကြောင့် လူငါးဦးသေဆုံးခဲ့ကြောင်း ပြည်နယ်ရဲအရာရှိတစ်ဦးက ပြောကြားသည်။

ယင်းတိုက်ခိုက်မှုတွင် သေဆုံးသူများမှာ နီပေါလေးဦးနှင့် အာဖဂန်တစ်ဦးဖြစ်ကြောင်း ၎င်းရဲအရာရှိက ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

ရိုမေးနီးယား ရဲအရာရှိများ တရားစွဲခံရဖွယ်ရှိ

ပရီစတင်နာ (ဆားဗီးယား) မေ ၁၉

ရိုမေးနီးယား ကုလသမဂ္ဂ ရဲအရာရှိများသည် ဖေဖော်ဝါရီလက ကိုဆိုဗို၊ အယ်လ်ဘေးနီးယားလူမျိုးနှစ်ဦး ဆန္ဒပြရာတွင် ရော်ဘာကျည်ဆန်များဖြင့် ပစ်ခတ်ရာ၌ သေဆုံးသွား၍ လူသတ်မှုဖြင့် တရားစွဲဆိုခံရနိုင်ကြောင်း ကုလသမဂ္ဂအစီရင်ခံစာတစ်စောင်၌ မေ ၁၇ရက်က ဖော်ပြသည်။

အမ်အင်န်အေ၊ရိုက်တာ

တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း၌ သဲမုန်တိုင်းတိုက်ခတ်

ပေကျင်း မေ ၁၉

တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း ကွန်ဟိုင်းပြည်နယ်တွင် မေ ၁၆ရက် မွန်းလွဲပိုင်းက သဲမုန်တိုင်း တိုက်ခတ်မှုကြောင့် ယင်းပြည်နယ်တစ်ခုလုံး ဖုန်မှုန့်များဖြင့် လွှမ်းခြုံခဲ့ကြောင်း၊ ဒေသအများစုတွင် ကောင်းကင်သည် မီးခိုးရောင်ပြောင်းကာ မီတာ၁၀၀ ဝန်းကျင်ကို သဲကွဲစွာ မမြင်ရကြောင်း ပြည်နယ်မိုးလေဝသဌာန အရာရှိများက သတင်းထုတ်ပြန်သည်။

စင်ကျန်ဒေသတွင် ဖြစ်ပေါ်ပြီး အရှေ့အရပ်သို့ ရွေ့လျားလာသည့် အရှေ့ခြမ်းအအေးလှိုင်းကြောင့် သဲမုန်တိုင်းဖြစ်ပေါ်ခဲ့ကြောင်း၊ ယခုနှစ်အတွင်း အဆိုပါပြည်နယ်ကို ထိခိုက်စေခဲ့သည့် အကြီးဆုံး သဲမုန်တိုင်းဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

တရုတ်နိုင်ငံ မိုးလေဝသစီမံခန့်ခွဲရေးမှ ယခင်ခန့်မှန်းချက်အရ ယခုနှစ်နွေဦးရာသီတွင် တရုတ်နိုင်ငံ မြောက်ပိုင်းနှင့် အနောက်မြောက်ပိုင်းတွင် သဲမုန်တိုင်းဒဏ်ကို ၁၁ ကြိမ်မှ ၁၅ ကြိမ်အထိ ခံရဖွယ်ရှိကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

တရုတ်ထိပ်တန်းရေနံကုမ္ပဏီ ပက်ထရိုချိုင်းနား သုံးလအတွင်း ရေနံနှင့်ဓာတ်ငွေ့များ တိုးတက်ထုတ်လုပ်

ပေကျင်း မေ ၁၉

တရုတ်နိုင်ငံ၏ ကမ်းလွန်ရေနံတူးဖော်ထုတ်လုပ်နေသော ကုမ္ပဏီကြီးနှစ်ခုအနက်မှ တစ်ခုဖြစ်သည့် ပက်ထရိုချိုင်းနားကုမ္ပဏီသည် ယခုနှစ် ပထမသုံးလတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ တန်ချိန် ၂၇၇သန်း ထုတ်လုပ်နိုင်ခဲ့ကြောင်း၊ ယင်းမှာ ၃ဒသမ ၇ ရာခိုင်နှုန်း တိုးတက်လာခြင်းဖြစ်ကြောင်း ၎င်းကုမ္ပဏီက ပြောကြားသည်။

မြင့်တက်

ဇန်နဝါရီလနှင့် မတ်လအတွင်း ဟောင်ကောင်နှင့် နယူးယောက် စာရင်းအရ ယင်းကုမ္ပဏီမှ ရေနံစိမ်းများ ထုတ်လုပ်ခဲ့ရာ ရေနံစိမ်းစည်ပေါင်း ၂၀၉ သန်းရှိကြောင်း၊ ယင်းမှာ ယခင်နှစ်ကထက် ၁ ဒသမ ၅ သန်း ရေနံစိမ်းစည် တိုးတက်လာကြောင်း၊ သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုမှာ ၄၁၀ ဒသမ ၆ ဘီလီယံကုဗပေရှိကြောင်း ယင်းမှာ ၅၀ ဒသမ ၄ ဘီလီယံကုဗပေ မြင့်တက်ခဲ့ကြောင်း သိရသည်။

ထုတ်လုပ်

ပက်ထရိုချိုင်းနား ကုမ္ပဏီသည် အဆိုပါသုံးလတာကာလအတွင်း ရေနံစိမ်းစည် သန်းပေါင်း ၂၀၂ သန်းကျော် ထုတ်လုပ်နိုင်ခဲ့ကြောင်း၊ ယင်းမှ ဒီဇယ်တန်ချိန် သန်းပေါင်း ၁၁ ဒသမ ၅၈ သန်း၊ ဓာတ်ဆီတန်ချိန် သန်းပေါင်း ၅ဒသမ ၃၉သန်း ထုတ်လုပ်နိုင်ခဲ့ကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ထိုင်းတောင်ပိုင်း၌ရေကြီး လူ ၃၅ ဦးသေဆုံး

ဗန်ကောက် မေ ၁၉

ထိုင်းနိုင်ငံတောင်ပိုင်း ထရန်ပြည်နယ် နယ်စပ်၌ မေ၁၅ရက် မွန်းလွဲပိုင်းက ရေတံခွန်နှစ်ခု ရေလျှံကျသဖြင့် ရေကြီးမှုဖြစ်ပွားကာ အနည်းဆုံးလူ၃၅ ဦးသေဆုံးခဲ့ပြီးအချို့ပျောက်ဆုံးနေကြောင်း ဆင်ဟွာသတင်းတစ်ရပ်၌ ဖော်ပြသည်။

အဆိုပါရေကြီးမှုသည် ဒေသစံတော်ချိန် မွန်းလွဲ ၂နာရီက ဆိုင်ရမ်းရေတံခွန်နှင့် ပရိုင်ဆာဝမ်ရေတံခွန်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သည်နေ့ရှင်းသတင်းစာက ရေးသားဖော်ပြသည်။

အထက်ပါ ရေကြီးမှုများမှာ အဆိုပါ ဒေသ၌ မိုးသည်းထန်စွာ ရွာသွန်းမှု ကြောင့်ဖြစ်ကြောင်း၊ ထိုသို့ ရေကြီးခဲ့သဖြင့် ရေတံခွန်များတွင် ရေကူးနေကြသူများ ရေစီးတွင်မျောပါသွားခဲ့ကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း ဟာဘင်မြို့တွင်တာဘစ်နည်းပညာတက္ကသိုလ်မှ တီထွင် ထုတ်လုပ်ထားသည့် စက်ရုပ်များအား မေ ၁၈ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး ဗုဒ္ဓါဘိသေကအနေကဇာတင်နှင့် ရေစက်ချမင်္ဂလာကျင်းပ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ကြည်ညို၊ ပရိက္ခရာရှစ်ပါး လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်း

စိန်ဖူးတော်

ရှေးဟောင်းသမိုင်းဝင် ရွှေဘုန်းပွင့် စေတီတော်မြတ်ကြီး၏ စိန်ဖူးတော်အား ကြည်ညိုဖွယ် ဖူးတွေ့ရစဉ်။ (သတင်းစဉ်)

ရန်ကုန် ဧပြီ ၁၉

ရှေးဟောင်းသမိုင်းဝင် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၏ ငှက်ပျောဖူးတော်ပြည့် ရွှေစင်ရွှေပြားများ ကပ်လှူပူဇော်ခြင်းနှင့် လုံးတော်ပြည့်ရွှေသင်္ကန်းတော် ဆက်ကပ်ပူဇော်ပြီးစီးခြင်းအထိမ်းအမှတ် ဗုဒ္ဓါဘိသေကအနေကဇာတင်လှူခြင်းနှင့် စတုတ္ထအကြိမ် ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေး ကုသိုလ်တော်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးခြင်း ရေစက်ချအနုမောဒနာမင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၈ နာရီက ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်ရှိ အဆိုပါစေတီတော်မြတ်ကြီး၏ မှော်ရုံသစ်၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ကြည်ညို၍ ဆရာတော်များအား ပရိက္ခရာရှစ်ပါး လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

အဆိုပါ မင်္ဂလာအခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တတေဇနိယ အမှူးပြုသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်များ၊ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၏ ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်များနှင့် ပင့်သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း၊ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး စတုတ္ထအကြိမ် ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေး ဗဟိုဦးစီးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဇနီး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့်ဇနီး၊ ဒုတိယဝန်ကြီး သူရဦးသောင်းလွင်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး စတုတ္ထအကြိမ် ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေး ဗဟိုဦးစီးကော်မတီဝင်များ၊ ရန်ကုန်အရှေ့ပိုင်းခရိုင်နှင့် ပုဇွန်တောင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနှင့် မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံးတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၏ ဂေါပကအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်သည်။ ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်အမှူးပြုသည့် ဆရာတော် သံဃာတော်များက ရွှေဘုန်းပွင့် စေတီတော်မြတ်ကြီး စတုတ္ထအကြိမ် ဘက်စုံပြုပြင်မွမ်းမံ ပြင်ဆင်ရေးလုပ်ငန်းများ ပြီးမြောက်ခြင်းအတွက် ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြသည်။

ဖတ်ကြားလျှောက်ထား

ဆက်လက်၍ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၏ စတုတ္ထအကြိမ် ဘက်စုံပြုပြင် မွမ်းမံပြင်ဆင်ရေးလုပ်ငန်းများ ပြီးမြောက်ခြင်းအတွက် ဗုဒ္ဓါဘိသေက အနေကဇာတင်မင်္ဂလာနှင့် ရေစက်ချမင်္ဂလာအခမ်းအနား ကျင်းပရခြင်းအကြောင်းနှင့် စပ်လျဉ်းသည့် ဇယမင်္ဂလာအနုမောဒနာစာတမ်းလွှာကို ရွှေဘုန်းပွင့် စေတီတော်မြတ်ကြီး စတုတ္ထအကြိမ် ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေး ဗဟိုဦးစီးကော်မတီ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ဖတ်ကြား လျှောက်ထားသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များ ရှေးဟောင်းသမိုင်းဝင် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၏ ငှက်ပျောဖူးတော်ပြည့် ရွှေစင်ရွှေပြားများ ကပ်လှူပူဇော်ခြင်းနှင့် လုံးတော်ပြည့် ရွှေသင်္ကန်းတော် ဆက်ကပ်ပူဇော်ပြီးစီးခြင်းအထိမ်းအမှတ် ဗုဒ္ဓါဘိသေကအနေကဇာတင်လှူခြင်းနှင့် စတုတ္ထအကြိမ် ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေး ကုသိုလ်တော်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးခြင်း ရေစက်ချအနုမောဒနာမင်္ဂလာအခမ်းအနားတွင် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြစဉ်။
(သတင်းစဉ်)

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တတေဇနိယထံမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက ငါးပါးသီလခံယူ ဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များကို နာကြားကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်ထံ ပရိက္ခရာရှစ်ပါးလှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းပြီး တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းနှင့် ဝန်ကြီးများ၊ ဧည့်သည်တော်များနှင့် အလှူရှင်များက ဆရာတော် သံဃာတော်များထံ ပရိက္ခရာရှစ်ပါး လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ မာနိတ သိရီဘိဝံသက အနုမောဒနာ တရားဟောကြားချီးမြှင့်တော်မူရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက နာကြားကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ မင်္ဂလာအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ဆရာတော် သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင်ဖွင့်ပွဲတက်ရောက်

ရန်ကုန် ဧပြီ ၁၉

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့အရောင်းဆိုင် အမှတ်(၀၂၃)ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၇ နာရီက ရန်ကုန်မြို့ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ကျွန်စစ်သားလမ်းရှိ အဆိုပါအရောင်းဆိုင်ရှေ့၌ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ စွမ်းအင်ဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း အထွေထွေမန်နေဂျာ ဦးသိန်းဌေးက မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင်နှင့် ပတ်သက်သည်များကို ရှင်းလင်းတင်ပြသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

ထို့နောက် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သန်းဌေးက မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းက အရောင်းဆိုင် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ **(ယာပုံ)**

ဆက်လက်၍ တိုင်းမှူး၊ ဒုတိယဝန်ကြီးနှင့် ဧည့်သည်များသည် မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြရာ ညွှန်ကြားရေးမှူး ဦးမြင့်ဌေးနှင့် အထွေထွေမန်နေဂျာ ဦးသိန်းဌေးက လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် တိုင်းမှူးနှင့် ဒုတိယဝန်ကြီးတို့သည် မော်တော်ယာဉ်အား သဘာဝဓာတ်ငွေ့ ဖြည့်သွင်းနေမှုများကို ကြည့်ရှုစစ်ဆေးကြပြီး ယာဉ်မောင်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားကြသည်။

စွမ်းအင်ဝန်ကြီးဌာန အနေဖြင့် လျင်မြန်စွာ တိုးတက်များပြားလာသော သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များသို့ လွယ်ကူလျင်မြန်စွာ ဓာတ်ငွေ့ ဖြန့်ဖြူးပေးနိုင်ရေးအတွက် ပြည်ပမှ စက်ကိရိယာများကို အဆက်မပြတ် မှာယူတင်သွင်းကာ ဝန်ကြီးဌာနမှ

အတတ်ပညာရှင်များနှင့် ဝန်ထမ်းများက နေ့/ည ကြိုးပမ်းတပ်ဆင် ဆောင်ရွက်ပေးခဲ့သဖြင့် ယခုကဲ့သို့ ဆိုင်သစ်များကို အဆက်မပြတ် ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်သည်။

၂၀၀၇ ခုနှစ်အတွင်း စတင်ဖွင့်လှစ်ခဲ့သည့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အရောင်းဆိုင်အမှတ်(၀၂၁)မှစ၍ ပိုမိုစွမ်းရည်မြင့်မားခေတ်မီသော ကွန်ပရက်ဆာများနှင့်ပိုမိုလုံခြုံစိတ်ချရပြီး ဓာတ်ငွေ့ ဖြည့်နှုန်းမြင့်မားသည့် NGV-1 ဓာတ်ငွေ့ဖြည့်ခေါင်းများကိုသာ တပ်ဆင် အသုံးပြုခဲ့ခြင်း၊ ဆိုင်အရေအတွက် တိုးတက် များပြားလာခြင်း၊ ဝန်ထမ်းများအဆိုင်းစနစ်ဖြင့် ၂၄ နာရီ လိုသမျှ ရောင်းချပေးနေခြင်းတို့ကြောင့် CNG ဆိုင်အသီးသီးတွင် ယာဉ်များ ရှည်လျားစွာ တန်းစီစောင့်ဆိုင်းရမှုမရှိတော့ဘဲ ပိုမိုအဆင်ပြေစွာ ဝယ်ယူနိုင်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်တွင်း၌ ကိုယ်ပိုင်တည်ဆောက်သည့် မြင်းကောင်ရေ (၁၂၀၀)အား ဒီဇယ်လျှပ်စစ်စက်ခေါင်း စတင်ပြေးဆွဲခြင်းအခမ်းအနားသို့ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်အားပေးချီးမြှင့်

ရန်ကုန် ဧပြီ ၁၉

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက ပြည်တွင်း၌ ကိုယ်ပိုင်တည်ဆောက်သည့် မြင်းကောင်ရေ၁၂၀၀အား ဒီဇယ်လျှပ်စစ်စက်ခေါင်း စတင်ပြေးဆွဲခြင်း အခမ်းအနားကို ယနေ့ မွန်းလွဲ၁နာရီက ရန်ကုန်ဘူတာကြီး၌ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်၍ အားပေးချီးမြှင့်သည်။

အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် သူရဦးသောင်းလွင်နှင့် ဦးဖေသန်း၊ မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းဆွေ၊ မြန်မာ့မီးရထားမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ကိုယ်ပိုင်တည်ဆောက်

ရှေးဦးစွာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်အောင်မင်းက ရန်ကုန်ဘူတာကြီးရှိ ရှင်းလင်းဆောင်ခန်းမ၌ မြန်မာ့မီးရထားက ပြည်တွင်း၌ ကိုယ်ပိုင်တည်ဆောက်သည့် မြင်းကောင်ရေ ၁၂၀၀ အား ဒီဇယ်လျှပ်စစ် စက်ခေါင်းစတင်ပြေးဆွဲခြင်း အခမ်းအနားနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာတွင် မြန်မာ့မီးရထားအနေဖြင့် ယနေ့ ဒီဇယ်စက်ခေါင်း၂၆၅ခေါင်းဖြင့်ခရီးဝေး ခရီးသည်ရထားခရီးစဉ်ပေါင်း ၂၂၂ခုနှင့် မြို့ပတ်ခရီးစဉ် ၁၈၅ ခုကိုလည်းကောင်း၊ ကုန်စည်ရထားများကို လည်းကောင်း ပြေးဆွဲလျက် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေး လိုအပ်ချက်များကို ဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ ယခုအခါ ကမ္ဘာ့ရေနံဈေးနှုန်းမြင့်တက်မှုဖြင့် ဆက်စပ်၍ ခရီးသည်နှင့် ကုန်စည်ပို့ဆောင်သူများအနေဖြင့် ရထားကို ပိုမိုအသုံးပြုသုံးစွဲလာရာ စက်ခေါင်းအင်အား ပိုမိုလိုအပ်လာခဲ့ကြောင်း။

၁၉၉၄ခုနှစ်တွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အင်းစိန်စက်ခေါင်းစက်ရုံသို့ ကြွရောက်လာပြီး **"နောင်တစ်ချိန်တွင် စက်ခေါင်းကြီးများကို ပြည်တွင်း၌အစအဆုံး တည်ဆောက်သွားရေး ရည်မှန်းချက်ထားရန်"**လမ်းညွှန်ခဲ့ချိန်မှအစပြု၍ ယင်းစက်ခေါင်းကြီးများကို ကိုယ်ပိုင်ပြည်တွင်း၌ အစအဆုံး တည်ဆောက်သွားရန် ရည်မှန်းချက် ချမှတ်ခဲ့ကြောင်း၊ ယင်းနောက် စက်ခေါင်းတည်ဆောက်ရေး၏ ရှေ့ပြေးလုပ်ငန်းအဖြစ် စက်ခေါင်းအစိတ်အပိုင်းများကို ပြည်တွင်း၌ တိုးချဲ့ထုတ်လုပ်နိုင်ရန်အတွက် ကာကွယ်ရေးဝန်ကြီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာနတို့အောက်ရှိ ကာကွယ်ရေးပစ္စည်းစက်ရုံ၊ ဆက်သွယ်ရေးညွှန်ကြားရေးမှူးရုံး အောက်ရှိစက်ရုံများ၊ အင်းတကော်၊ ထုံးဘို၊ ဆင်တဲ၊ ညောင်ခြေထောက်၊ မလွန်နယ်မြေတို့မှစက်ရုံများ၊ စက်မှုလယ်ယာစက်ရုံ၊ ရော်ဘာသုတေသနဌာနခွဲ၊ ဆင်မလိုက်သင်္ဘောကျင်း၊ ဒေါပုံသင်္ဘောကျင်း၊ သိမ်ဖြူသင်္ဘောကျင်း၊ ရန်ကုန်နည်းပညာတက္ကသိုလ်၊ မြန်မာ့သိပ္ပံနှင့် နည်းပညာသုတေသနဦးစီးဌာန၊ ရန်ကုန်ဝိဇ္ဇာသိပ္ပံတက္ကသိုလ်အစရှိသည့် ဝန်ကြီးဌာနအသီးသီးတို့မှ ပညာရှင်များ၊ ကျွမ်းကျင်သူများအားလည်းကောင်း၊ စက်မှုကုန်ထုတ်သမဝါယမအသင်းများ၊ သတ္တုဗေဒကုန်ထုတ်သမဝါယမအသင်းများ၊ ပြင်ပရှိသံရည်ကျိုလုပ်ငန်း၊ တွင်ခုံလုပ်ငန်း၊ စက်မှုလုပ်ငန်း၊ ရော်ဘာလုပ်ငန်း၊ လျှပ်စစ်လုပ်ငန်း၊ အီလက်ထရွန်နစ်ပညာရှင်များ၊ ကျွမ်းကျင်သူများအားလည်းကောင်း၊ အင်းစိန်စက်ခေါင်းစက်ရုံသို့ အကြိမ်ကြိမ် စုစည်းဖိတ်ခေါ်ဆွေးနွေးခြင်း၊ မြန်မာ့မီးရထားမှ ပညာရှင်များ၊ ကျွမ်းကျင်သူများအား ဝန်ကြီးဌာနလက်အောက်ခံစက်ရုံ၊ အလုပ်ရုံအသီးသီးနှင့် ပြင်ပစက်ရုံ၊ အလုပ်ရုံအသီးသီးသို့ စေလွှတ်ခြင်း၊ အထူးအားဖြင့် ရန်ကုန်၊ အင်းတကော်၊ ဆင်တဲ၊ ညောင်ခြေထောက်၊ ထုံးဘို၊ မလွန်တို့ရှိ အကြီးစား စက်မှုလက်မှုလုပ်ငန်းများသို့ စေလွှတ်ပြီး ရထားအစိတ်အပိုင်းများကို ပိုမိုထုတ်လုပ်နိုင်ရန်နှင့် အရည်အသွေးမီစွာ ထုတ်လုပ်နိုင်ရေးအတွက် ညှိနှိုင်းပေါင်း စပ်စေခြင်းများ ဆောင်ရွက်ခဲ့သဖြင့် စက်ခေါင်းအရန်ပစ္စည်းများ တိုးချဲ့ထုတ်လုပ်နိုင်ကာ အရည်အသွေးကိုလည်း မြှင့်တင်နိုင်ခဲ့ကြောင်း။

နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်နှင့် ပတ်သက်ပြီး တင်ပြရပါလျှင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ၁၉၉၄ ခုနှစ် ဇွန် ၃ ရက်တွင် တစ်ကြိမ်၊ ၂၀၀၃ ခုနှစ် မေ ၂၀ ရက်တွင် တစ်ကြိမ်၊ အင်းစိန်စက်ခေါင်းရုံသို့ လာရောက်ချီးမြှင့်ခဲ့စဉ် နောင်တစ်ချိန်တွင် စက်ခေါင်းကြီးများကို ပြည်တွင်း၌ အစအဆုံး တည်ဆောက်သွားရေး ရည်မှန်းချက်ထားရန်၊ စက်ခေါင်းအမျိုးမျိုး ထုတ်လုပ်ခြင်း မလုပ်ဘဲ အမှန်တကယ် လိုအပ်သည့် စက်ခေါင်း သုံးမျိုး၊ လေးမျိုးကိုသာ သတ်မှတ်ထုတ်လုပ်သွားရန်၊ ပထမပိုင်းတွင် အစမှအဆုံး တပ်ဆင်ထုတ်လုပ်ရန် မဖြစ်နိုင်သော်လည်း တစ်ဆင့်ပြီး တစ်ဆင့် ပြည်တွင်း၌ ပစ္စည်းများ တိုးချဲ့ထုတ်လုပ်၍ အစားထိုးတပ်ဆင်ထုတ်လုပ်သွားနိုင်အောင် ရည်မှန်းချက်ထားပြီး ကြိုးပမ်းကြဆ လုပ်ကိုင်ရန်၊ အမှတ်(၂) စက်မှုဝန်ကြီးဌာနအနေဖြင့် အင်ဂျင်များ ထုတ်လုပ်မည်ဖြစ်ရာ ရထားစက်ခေါင်း အင်ဂျင်များ တည်ဆောက်နိုင်ရေးအတွက် ပူးပေါင်းလုပ်ကိုင်ကြရန်၊ ၂၀၀၇-၂၀၀၈ ခုနှစ်တွင် ကိုယ်ပိုင်စက်ခေါင်း ခြောက်ခေါင်းနှင့် ခေတ်မီလူစီးတွဲ ၃၆ တွဲ တည်ဆောက် ထုတ်လုပ်ရန်တို့ကို လမ်းညွှန်ခဲ့ကြောင်း။

ယင်းလမ်းညွှန်ချက်များကိုလုပ်ငန်းလမ်းညွှန်အဖြစ်ခံယူ၍ စက်ခေါင်း၊ တွဲတည်ဆောက်မှုများကို ကြိုးပမ်းတည်ဆောက်ခဲ့ရာ ယနေ့ ပထမဦးဆုံး ကိုယ်ပိုင်ဒီဇိုင်းဖြင့် တည်ဆောက်ခဲ့သည့် စက်ခေါင်းအဖြစ် ယခု မြင်းကောင်ရေ ၁၂၀၀ အား ဒီဇယ်လျှပ်စစ်စက်ခေါင်း ပေါ်ထွက်လာပြီဖြစ်ကြောင်း။ ရှေ့ဆက်လက်၍လည်း စက်ခေါင်းများကို အရှိန်အဟုန်ဖြင့် တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ မြန်မာ့မီးရထားက ကိုယ်ပိုင်တည် ဆောက်ထုတ်လုပ်ထားသည့် မြင်းကောင်ရေ ၁၂၀၀ အား ဒီဇယ်လျှပ်စစ်စက်ခေါင်းကို ဝန်ချိန်တန်၂၇၀ ချိတ်ဆွဲစေလျက် ယနေ့တွင်ပင် ရန်ကုန်မှ မန္တလေးသို့ စေလွှတ်မည်ဖြစ်ကြောင်းနှင့် စမ်းသပ်ပြေးဆွဲစဉ်ကာလကလည်း ဤစက်ခေါင်းဖြင့် ရန်ကုန်မှ ကသာခရိုင် ဝန်းသိုမြို့နယ် နမ်းခမ်းဘူတာအထိ အသွားအပြန် ဝန်ချိန်ဖြင့် စမ်းသပ်ခဲ့ပြီးဖြစ်ကြောင်းကို တင်ပြလိုကြောင်း။

ရထားပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေး လိုအပ်ချက်များကို တိုးချဲ့ဖြည့်ဆည်းနိုင်ရန် အဘက်ဘက်က အစဉ်ကြိုးပမ်းထမ်းရွက်နေမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

လှည့်လည်ကြည့်ရှု

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆွေးနွေးမှာကြားပြီး ဒီဇယ်လျှပ်စစ်စက်ခေါင်း တည်ဆောက်မှုလုပ်ငန်းစဉ်များ ဖော်ပြထားသည့် ဗီနိုင်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် အမှတ်(၁)စင်္ကြံ၌ အသင့်ရပ်ဆိုင်းလျက်ရှိသော ဝန်ချိန် ၇၂၀ တန်ချိတ်ဆွဲထားသည့် ဒီဇယ်လျှပ်စစ်စက်ခေါင်းကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးသည်။ ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ဒီဇယ်လျှပ်စစ်စက်ခေါင်းကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ဒီဇယ်လျှပ်စစ် စက်ခေါင်းပေါ်သို့ တက်ရောက်၍ ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဝန်ချိန် ၇၂၀ တန် ချိတ်ဆွဲ ထားသော ဒီဇယ်လျှပ်စစ်စက်ခေါင်းသည် ရန်ကုန်ဘူတာကြီးမှ မန္တလေးဘူတာကြီးသို့ စတင်ထွက်ခွာရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ရန်ကုန်မြို့တော်ဝန်နှင့် ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် မြန်မာ့မီးရထားဝန်ထမ်းများက လက်များဝှေ့ယမ်း၍ နှုတ်ဆက်ကြသည်။

မောင်းနှင်နိုင်

မြန်မာ့မီးရထားက ကိုယ်ပိုင် တည်ဆောက်ခဲ့သည့် မြင်းကောင်ရေ ၁၂၀၀ အား ဒီဇယ်လျှပ်စစ်စက်ခေါင်းသည် စက်ခေါင်းအမြင့် ၁၁ ပေ လေးလက်မ၊ အနံကိုးပေ သုံးလက်မ၊ စက်ခေါင်းအလျား ၄၄ ပေ၊ စက်ခေါင်းအလေးချိန် (ပစ္စည်းအပြည့်အစုံ) ၆၆ တန်၊ ဒီဇယ်အင်ဂျင်ပါဝါ ၇၈၃ကီလိုဝပ်နှင့် တစ်နာရီလျှင် အမြန်ဆုံးမိုင်နှုန်း မိုင် ၆၀ မောင်းနှင်နိုင်သည်။

အဓိကပါဝင်သော အစိတ်အပိုင်းများမှာ အင်ဂျင်နှင့် အစိတ်အပိုင်းများ၊ ဂျင်နရေတာနှင့် အစိတ်အပိုင်းများ၊ ဘိုဂီနှင့် အစိတ်အပိုင်းများ၊ ထရက်ရှင်မော်တာနှင့် အစိတ်အပိုင်းများ၊ အထောက်အကူပြုပစ္စည်းနှင့် အစိတ်အပိုင်းများ၊ အအေးပြုပိုင်းနှင့် အစိတ်အပိုင်းများ၊ ဘရိတ်စနစ်နှင့် အစိတ်အပိုင်းများ၊ ချိတ်ဆက်အစိတ်အပိုင်းများ၊ ဘက်ထရီထိန်းချုပ်လျှပ်စစ် ဆားကစ်များအပါအဝင် လျှပ်စစ်အစိတ်အပိုင်းများ၊ ဖရိန်ကိုယ်ထည်နှင့် အစိတ်အပိုင်းများ အဓိကပါဝင်ပြီး စက်ရုံထုတ်ပစ္စည်း ၅၃၂ မျိုး၊ ပုဂ္ဂလိကထုတ်ပစ္စည်း ၇၆ မျိုးနှင့် ပြည်တွင်းမှ ဝယ်ယူသည့်ပစ္စည်း ၇၁၉ မျိုး အပါအဝင် ပြည်တွင်းဖြစ်ပစ္စည်း ၁၃၂၇ မျိုးနှင့် ပြည်ပပစ္စည်းအဟောင်း ၃၅၉ မျိုး၊ အသစ် ၁၀၇၈မျိုးတို့ဖြင့် အစိတ်အပိုင်းအလိုက် တပ်ဆင်အသုံးပြုထားသည်။

ယင်းဒီဇယ်လျှပ်စစ် စက်ခေါင်းသည် ရန်ကုန်-မန္တလေးလမ်းပိုင်းသာမက ရန်ကုန်-ရေး၊ မန္တလေး-မြစ်ကြီးနား၊ ရန်ကုန်-ပြည်လမ်းပိုင်း အပါအဝင် လမ်းပိုင်းများစွာတွင် အကျိုးရှိစွာ သုံးစွဲနိုင်မည့်စက်ခေါင်းဖြစ်သည့်အပြင် လူစီးရထားများသာမက ကုန်ရထားများအတွက်ပါ အားပြုအသုံးပြုနိုင်သော စက်ခေါင်းဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

နှုတ်ဆက်အားပေး

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များ ဝန်ချိန်(၇၂၀)တန် ချိတ်ဆွဲထားသော ဒီဇယ်လျှပ်စစ်စက်ခေါင်း စတင်ထွက်ခွာမှုကို နှုတ်ဆက်အားပေးကြစဉ်။

(သတင်းစဉ်)

ပြင်ဆင်ဖတ်ရှုပါရန်

၁၉-၄-၂၀၀၇ ရက်နေ့ထုတ် မြန်မာ့အလင်း သတင်းစာပါ ဆောင်းပါးရှင် ချစ်နိုင် (စိတ်ပညာ) ၏ **"စည်းကမ်းရှိမှ"** ဆောင်းပါးတွင် ဖော်ပြပါရှိသော (Transprancy) အစား (Transparency) ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။**(ဆောင်းပါးရှင်)**

သစ်စက်တစ်လုံးကို သောင်းကျန်းသူများ မီးရှို့ဖျက်ဆီး မိုင်းနင်းမိသဖြင့် အပြစ်မဲ့ပြည်သူတစ်ဦးဒဏ်ရာရရှိ

ရန်ကုန် ဧပြီ ၁၉

သောင်းကျန်းသူအဖျက်သမားများသည် ပြည်သူလူထုအပေါ် နည်းမျိုးစုံဖြင့် အနှောင့်အယှက်ပြုလျက်ရှိရာ ဧပြီ ၁၀ ရက် ည ၉ နာရီခွဲခန့်တွင် သံတောင်မြို့နယ် သပြေညွှန့်ကျေးရွာနေ ဦးညီညီ ပိုင်ဆိုင်သောသစ်စက်ကို KNU သောင်းကျန်းသူအဖျက်သမားများက ဝင်ရောက်မီးရှို့ဖျက်ဆီးသွားခဲ့ကြောင်း သိရသည်။

မီးလောင်နေသောသစ်စက်ကို ဝိုင်းဝန်းငြိမ်းသတ်ရာတွင် ပါဝင်ခဲ့သူ သပြေညွှန့်ကျေးရွာနေ ကိုထွန်းထွန်းသည် ဧပြီ ၁၁ ရက် နံနက် ၇ နာရီခန့်တွင် အဆိုပါသစ်စက်အနီး သောင်းကျန်းသူများ ထောင်ထားခဲ့သော မိုင်းတစ်လုံးအား နင်းမိပေါက်ကွဲသဖြင့် ခြေချင်းဝတ်အောက် ပြတ်ရှဒဏ်ရာရရှိခဲ့ကြောင်း၊ လူနာအား တောင်ငူဆေးရုံသို့ တင်ပို့၍ ကုသပေးလျက်ရှိကြောင်းနှင့် သောင်းကျန်းသူများနောက်သို့ တပ်မတော်စစ်ကြောင်းများက လိုက်လံချေမှုန်းလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း အင်တာနက် နောက်ဆက်တွဲသတင်း

ဗာဂျီးနီးယားတက္ကသိုလ်၌ ပစ်ခတ်ခဲ့သူ အင်န်ဘီစီသတင်းဌာနသို့ ဗီဒီယို၊ ဓာတ်ပုံနှင့် စာများပါရှိသည့် ပါဆယ်ထုတ်ပေးပို့ခဲ့

ဝါရှင်တန် ဧပြီ ၁၉

အမေရိကန်နိုင်ငံ ဗာဂျီးနီးယားတက္ကသိုလ်တွင် သေနတ်ဖြင့် ပစ်ခတ်ကာ လူ၃၂ဦးအား သေစေခဲ့သော တောင်ကိုရီးယားကျောင်းသား ချိုဆောင်ဟေးက အခင်းဖြစ်ပွားသည့်နေ့က အမေရိကန် ရုပ်မြင်သံကြားသတင်းလိုင်းတစ်ခုဖြစ်သည့် အင်န်ဘီစီ သတင်းဌာနသို့ ပါဆယ်ထုပ်တစ်ခု ပေးပို့ခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဓာတ်ပုံများ

အဆိုပါ ပါဆယ်ထုပ်တွင် ဖြန့်ဝေခြင်းဟုရေးသားပြီး အတွင်း၌ ဓာတ်ပုံများ၊ ဗီဒီယိုအခွေနှင့် စာများ ပါရှိကြောင်း အင်န်ဘီစီသတင်းဌာနမှ ပြောကြားသည်။ ဓာတ်ပုံများမှာ အခင်းဖြစ်ပွားရာ ဗာဂျီးနီးယားတက္ကသိုလ်ဝင်းအတွင်း နေရာနှစ်ခု၌ ပုံစံအမျိုးမျိုးသရုပ်ပြ ရိုက်ကူးထားသော ဓာတ်ပုံများဖြစ်သည်။ အဆိုပါ ဓာတ်ပုံများနှင့် ဗီဒီယိုရုပ်ပုံများတွင် ဒေါသပြင်းထန်ပြီး ခက်ထန်နေသော ချိုဆောင်ဟေး၏ သေနတ်ချိန်ရွယ်ကာ ဟန်ရေးပြပုံများဖြစ်ကြောင်း တွေ့ရသည်။ ချိုဆောင်ဟေးပေးပို့သော ဗီဒီယိုအခွေတွင် သင့်တွင် အခွင့်အရေးပေါင်းများစွာရှိကြောင်း၊ ထို့အပြင် နည်းလမ်းပေါင်းများစွာလည်း ရှိကြောင်း၊ ထိုနည်းလမ်းများကို ယနေ့ ပြောကြားခဲ့မည်ဖြစ်ကြောင်း ချိုဆောင်ဟေးက ပြောကြားထားသည်။

ဆက်လက်၍ မိမိအနေဖြင့် ယခုကဲ့သို့မပြုလုပ်လိုကြောင်း၊ ရှောင်လွဲလိုကြောင်း၊ သို့သော် မိမိမတတ်နိုင်ကြောင်း၊ အခုတော့ မိမိလည်း ဝေးဝေး ပြေးနိုင်တော့မည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။

ချိုဆောင်ဟေး၏ ပါဆယ်ထုပ်ကို ဧပြီ ၁၈ ရက် နံနက်ပိုင်းက အင်န်ဘီစီ သတင်းဌာနမှ လက်ခံရရှိခဲ့ပြီး ပါဆယ်ထုပ်၌ ဓာတ်ပုံပေါင်း ၄၃ ပုံ၊ သေနတ်ကိုင်ဆောင်ရိုက်ကူးထားသည့် ဓာတ်ပုံ ၁၁ ပုံ စကားလုံးပေါင်း ၁၈၀၀ ခန့် ပြောစကားပါ ဗီဒီယိုပြကွက် ၂၈ ကွက်တို့ ပါရှိကြောင်း သိရသည်။ (အင်တာနက်)

ကမ္ဘာတစ်လွှား အားကစား

မန်ယူတွင် ခြေစွမ်းပြလာသည့် မိုက်ကယ်ကာရစ်

လန်ဒန် ဧပြီ ၁၉

ပရီမီယာလိဂ်ထိပ်တန်း မန်ယူအသင်းတွင် အောင်မြင်မှုရရှိရန် ခြေစွမ်းပြကြိုးစားနေကြသူများ၌ ကွင်းလယ်ကစားသမား မိုက်ကယ်ကာရစ်လည်း အပါအဝင် ဖြစ်သည်။

မန်ယူအသင်း၌ တစ်ပွဲထက်တစ်ပွဲ ခြေစွမ်းပြကာ ကွင်းလယ်ကစားကွက်ကို နိုင်နိုင်နင်းနင်း ထိန်းချုပ်ရင်း အခွင့်အရေးရသည်နှင့် ဂိုးများသွင်းယူလာနိုင်သော မိုက်ကယ်ကာရစ်မှာ မန်ယူ၌ တဖြည်းဖြည်းနှင့် အဓိက ကွင်းလယ်ဖန်တီးရှင် ဖြစ်လာသည်။

ခေါ်ယူခဲ့

မိုက်ကယ်ကာရစ်ကို ၁၉၈၁ခုနှစ် ဇူလိုင် ၂၈ရက်၌ အင်္ဂလန်နိုင်ငံ ဝေါလ်ဆင့်မြို့တွင် မွေးဖွားခဲ့သည်။ ကွင်းလယ်တွင် တစိုက်မက်မက် ကစားခဲ့သော မိုက်ကယ်ကာရစ်၏ ခြေစွမ်းကြောင့် ပရီမီယာလိဂ်ကလပ် ဝက်စ်ဟမ်းအသင်းက ၁၉၉၈–၁၉၉၉ ခုနှစ် ဘောလုံးရာသီ၌ ခေါ်ယူခဲ့ပြီး ဝက်စ်ဟမ်းလူငယ်အသင်းတွင် ကစားစေခဲ့သည်။

လိုက်ပါကစားနိုင်

ဘောလုံးထိန်းသိမ်းမှု၊ ဖြန့်ဝေမှု၊ ဟန့်တားဖြတ်တောက်မှုနှင့် တိုက်စစ်ခံစစ်မျှအောင် လိုက်ပါကစားနိုင်ခဲ့ခြင်းကြောင့် ၂၀၀၁–၂၀၀၂ဘောလုံးရာသီတွင် ဝက်စ်ဟမ်းအသင်း၌ ပါဝင်ကစားခွင့်ရရှိခဲ့သည်။

ခေါ်ယူခဲ့

ထိုနှစ်က ဝက်စ်ဟမ်းအသင်းအတွက် မိုက်ကယ်ကာရစ် ၁၉ပွဲ ကစားပေးခဲ့ပြီး နှစ်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။

ပဏာမရွေးချယ်

ထို့ပြင် အက်ဖ်အေဖလားနှင့် ကားလင်းဖလား ဘောလုံးပြိုင်ပွဲများ၌ ဝက်စ်ဟမ်းအသင်း၏ကွင်းလယ်ကစားသမားအဖြစ် ခြေစွမ်းပြ ကစားနိုင်ခဲ့သည်။ ထိုနှစ်မှာပင် ဥရောပအသက်(၂၁)နှစ်အောက် ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲအတွက် အင်္ဂလန်လူငယ်အသင်းတွင် ပါဝင်ကစားပေးခဲ့ပြီး စပိန်အသင်းနှင့် ချစ်ကြည်ရေးပွဲ၌လည်း အင်္ဂလန်အသင်းတွင် ပါဝင်ကစားပေးခဲ့သည်။ ၂၀၀၁–၂၀၀၂ဘောလုံးရာသီ၏ ကြေးစားလူငယ် ဘောလုံးသမားဆု ပဏာမရွေးချယ်ခြင်းခံရသည်။

သတိပြု

ထို့နောက် ဝက်စ်ဟမ်းအသင်းတွင် ပထမဘောလုံးသမား စာရင်းဝင်ဖြစ်လာပြီး ပွဲတိုင်းကစားခွင့်ရခဲ့ရာ ခြေစွမ်းပြနိုင်ခဲ့သဖြင့် မိုက်ကယ်ကာရစ်၏နာမည်ကို အင်္ဂလန်နှင့် အခြားထိပ်တန်းကလပ်အသင်းကြီးများ သတိပြုမိခဲ့ကြသည်။

ထို့ကြောင့် အာဆင်နယ်နှင့်ပို့စ်မောက်အသင်းတို့က ခေါ်ယူရန်ကြိုးစားခဲ့သော်လည်း နောက်ဆုံးတွင် တော့တင်ဟမ်ဟော့စပါးအသင်းသို့ ပြောင်းရွှေ့ကြေးပေါင်ငွေ ၃ဒသမ ၅သန်းဖြင့် လေးနှစ်စာချုပ် ချုပ်ဆိုခေါ်ယူလိုက်သဖြင့် မိုက်ကယ်ကာရစ် စပါးအသင်းသို့ ရောက်ရှိခဲ့သည်။

ဟန်ချက်ညီညီ

၂၀၀၄–၂၀၀၅ ဘောလုံးရာသီတွင် စပါးအသင်း၌ ပရီမီယာလိဂ် ၂၆ပွဲ၊ အက်ဖ်အေ‌ဒေါ်ပွဲနှင့် ကားလင်းဖလား ဘောလုံးပြိုင်ပွဲ နှစ်ပွဲကစားပေးခဲ့ပြီး စပါးအသင်း တိုက်စစ်မှူးများ ဂိုးသွင်းခွင့်ရရန်နှင့် ခံစစ်တောင့်တင်းစေရန် ဟန်ချက်ညီညီ ကစားပေးနိုင်ခဲ့သည်။

ဖြစ်လာခဲ့

၂၀၀၅–၂၀၀၆ ဘောလုံးရာသီတွင် စပါးအတွက် ၃၅ပွဲ ကစားပေးခဲ့ပြီး နှစ်ဂိုးသွင်းယူပေးနိုင်ခဲ့သလို တစ်ဖက်အသင်း တိုက်စစ်မှူးများ၏ ထိုးဖောက်တိုက်စစ်ဆင်မှုကို ကွင်းလယ်၌ပင် ထိရောက်သော ဟန့်တားဖြတ်တောက်မှုများ ပြုလုပ်ပေးနိုင်မှုကြောင့် ထိုနှစ်၌ အင်္ဂလန်ဘောလုံးအသင်း လက်ရွေးစင် ဖြစ်လာခဲ့ ပြန်သည်။

၂၀၀၆ ဂျာမနီ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲဝင် အင်္ဂလန်အသင်းအတွက် လက်ရွေးစင်အဖြစ် နည်းပြအဲရစ်ဆင်က ခေါ်ယူကစားစေခဲ့သည်။ ၂၀၀၆–၂၀၀၇ ဘောလုံးရာသီ၌ မန်ယူအသင်းက ခေါ်ယူခဲ့သဖြင့် ယခုအခါ မန်ယူကွင်းလယ်ကစားသမားအဖြစ် ပါဝင်ကစားလျက်ရှိမည်။

မန်ယူသို့ရောက်ရှိလာသော မိုက်ကယ်ကာရစ်သည် မန်ယူအတွက် ပရီမီယာလိဂ်ပွဲပေါင်း ၂၅ပွဲ ကစားပေးထားပြီး သုံးဂိုးသွင်းယူပေးနိုင်ခဲ့သည်။ မန်ယူအတွက် အက်ဖ်အေဖလားဘောလုံးပွဲပေါင်း ခြောက်ပွဲကစားပေးထားပြီး တစ်ဂိုးသွင်းယူပေးထားသည်။

ကိုးကားတင်ပြသူ
မောင်မောင်မြင့်ဆွေ

ကွင်းလယ် ဖန်တီးရှင် မိုက်ကယ်ကာရစ်။ **(ဓာတ်ပုံ–အင်တာနက်)**

ဖန်တီးရှင်

မန်ယူကွင်းလယ်တွင် တိုက်စစ်ကို လိုက်ပါပံ့ပိုးပေးနိုင်သလို ဂိုးရအောင်လည်း သွင်းယူလာနိုင်သော မိုက်ကယ်ကာရစ်သည် ဘောလုံးလမ်းကြောင်းကို အကောင်းဆုံး အကဲဖြတ်နိုင်သူတစ်ဦး ဖြစ်သည်။ မန်ယူတွင် ကစားဖော်များနှင့် အံဝင်ခွင်ကျ ကစားနိုင်ပြီး တဖြည်းဖြည်း ခြေစွမ်းပြနေသော မိုက်ကယ်ကာရစ်မှာ မကြာမီ မန်ယူ၏ကွင်းလယ် ဖန်တီးရှင် တစ်ဦးအဖြစ် ရောက်ရှိလာတော့မည် ဖြစ်ပါကြောင်း။

(ကိုးကား–အင်တာနက်)

အင်တာနက် အားကစားသတင်း အတိုအထွာ

★ **ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် ဖီဖာ၏ ဘောလုံးအဆင့် သတ်မှတ်ချက်ကို ထုတ်ပြန်ကြေညာလိုက်ပြီဖြစ်ရာ အီတလီ၊ အာဂျင်တီးနားနှင့် ဘရာဇီးနိုင်ငံတို့သည် ထိပ်ဆုံး၌ ရပ်တည်လျက်ရှိသည်။**

★ လီဗာပူးနည်းပြ ရာဖေးလ်ဘင်နီတက်ဇ်သည် ရီးရဲမက်ဒရစ်နည်းပြ တာဝန်ယူရန် ချဉ်းကပ်နေသည်ဆိုခြင်းကို ရီးရဲမက်ဒရစ်အသင်းက ငြင်းဆို လိုက်သည်။

★ **ရှက်ဖီးယူနိုက်တက်အသင်းမှ လူတန်ရှယ်လ်တန်သည် အနာဂတ်တွင် တောက်ပလာမည့် ကြယ်ပွင့်တစ်ပွင့်ဖြစ်ကြောင်း ရှက်ဖီးအသင်း မန်နေဂျာပောင်း ဝါနော့က ပြောကြားလိုက်သည်။**

★ ယူကရိန်းနှင့် ပိုလန်နိုင်ငံတို့အား ယူရို ၂၀၁၂ ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲများကို အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် ယူအီးအက်ဖ်အေက ရွေးချယ်လိုက်သည်။

★ **အာဆင်နယ်အသင်း ဒုတိယဥက္ကဋ္ဌ ဒေးဗစ်ဒိန်းသည် အာဆင်နယ်အသင်းမှ နုတ်ထွက်သွားပြီဖြစ်ကြောင်း သိရသည်။**

★ ဆန်းဒါးလင်းအသင်းသည် ဧပြီ ၁၇ရက် ပွဲစဉ်များအပြီး အမှတ်ပေးဇယားတွင် ထိပ်ဆုံးမှ ရပ်တည်လျက်ရှိသဖြင့် လာမည့်ရာသီ၌ ပရီမီယာလိဂ်သို့ တန်းတက်အသင်း ဖြစ်လာတော့မည်ဖြစ်သည်။

★ **ဥရောပ နပန်းချန်ပီယံပြိုင်ပွဲကို ဧပြီ ၁၇ရက်က ဘူလ်ဂေးရီးယားနိုင်ငံ ဆိုဖီယာမြို့၌ ဖွင့်လှစ်ခဲ့ရာ နိုင်ငံပေါင်း ၄၀မှ အားကစားသမားပေါင်း ၅၀၀ပါဝင်ယှဉ်ပြိုင်ရန် တက်ရောက်ခဲ့ကြောင်း သိရသည်။**

★ ဥရောပ နပန်းချန်ပီယံပြိုင်ပွဲကို ဧပြီ ၁၇ရက်က ဘူလ်ဂေးရီးယားနိုင်ငံ ဆိုဖီယာမြို့၌ ဖွင့်လှစ်ခဲ့ရာတွင် ရုရှားနိုင်ငံမှ ၅၁ကီလိုတန်းနှင့် ၆၇ကီလိုတန်းတို့၌ ပထမဆုံးအကြိမ် ရွှေတံဆိပ်များ ဆွတ်ခူးနိုင်ခဲ့သည်။ **(အင်တာနက်)**

စီးရီးအေတွင် ဦးဆောင်နေသော အင်တာမီလန် အိမ်ကွင်း၌ ရိုးမားအသင်းကို ပထမဆုံးရှုံးနိမ့်

အင်တာမီလန်အသင်းမှ အီဘရာမိုဗစ်၏ ထိုးဖောက်ကစားမှုကို ဤသို့တွေ့ရသည်။ (ဓာတ်ပုံ–အင်တာနက်)

မီလန် ဧပြီ ၁၉

အီတလီစီးရီးအေပွဲစဉ် ၃၂ပြိုင်ပွဲများကို ဧပြီ ၁၈ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ စီးရီးအေ အမှတ်ပေးဇယားတွင် ထိပ်ဆုံးမှဦးဆောင်နေသော အင်တာမီလန်အသင်း၏ ရှုံးပွဲမရှိစံချိန်ကို ဒုတိယနေရာမှ ရိုးမားအသင်းက ရပ်တန့်စေခဲ့သည်။

အနိုင်ရ

အင်တာမီလန် အသင်းသည် အိမ်ကွင်း၌ကစားခဲ့ရသော်လည်း ဦးဆောင်ဂိုး မသွင်းနိုင်ခဲ့ပေ။ ရိုးမားအသင်းမှ ပါရော့တာက ပွဲချိန် ၄၄မိနစ်တွင် ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သည်။ သို့သော်လည်း ဒုတိယပိုင်းပြန်စချိန်တွင် အင်တာမီလန်တို့ ပယ်နယ်တီမှတစ်ဆင့် ချေပဂိုးသွင်းယူနိုင်ခဲ့သည်။ ယင်း ပယ်နယ်တီကို မာတာရာဇီက သွင်းယူပေးခဲ့ခြင်း ဖြစ်သည်။ တစ်ဖက်တစ်ဂိုးစီ သရေဖြစ်သွား၍ အနိုင်ဂိုးသွင်းနိုင်ရေး နှစ်သင်းစလုံး အပြန်အလှန် ထိုးဖောက်ကစားခဲ့ကြသည်။ သို့သော်လည်းပွဲပြီးရန် နှစ်မိနစ်အချိန်အထိ တစ်ဖက်နှင့်တစ်ဖက် ဂိုးမသွင်းနိုင်ဘဲရှိသည်။ သို့သော်လည်း ပွဲချိန် ၈၉မိနစ်တွင် ရိုးမားတိုက်စစ်မှူး တော့တီက တစ်ဂိုး၊ ပွဲချိန် မိနစ်၉၀တွင် ကတ်ဆက်တီက တစ်ဂိုးသွင်းယူခဲ့၍ ပွဲအပြီး ရိုးမားက အင်တာမီလန်အသင်းအား သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရလိုက်သည်။

ဆက်လက်ဦးဆောင်

ယခုပွဲသည် အင်တာမီလန်တို့ ယခုနှစ်စီးရီးအေရာသီတွင် ပထမဆုံး ရှုံးနိမ့်မှုပင်ဖြစ်သည်။ သို့သော်လည်း အင်တာမီလန်အသင်းသည် ၃၂ပွဲကစား၊ ၂၅ပွဲနိုင်၊ ခြောက်ပွဲသရေ၊ တစ်ပွဲရှုံးကာ ရမှတ် ၈၁မှတ်ဖြင့် အမှတ်ပေးဇယားတွင် ဆက်လက်ဦးဆောင်နေဆဲဖြစ်သည်။ ရိုးမားတို့ယခုပွဲ အနိုင်ရလိုက်၍ ၆၈မှတ်အထိ ရလာသည်။

အခြားရလဒ်များ

အက်စ်ကိုလီ	၂ – ၅	အေစီမီလန်
အမ်ပိုလီ	၂ – ၀	အတ္တလန္တာ
လာဇီယို	၀ – ၀	ချီယေဗို
လီဗော်နို	၂ – ၁	ကက်ဂရီယာရီ
ရက်ဂျီးနား	၃ – ၁	မက်ဆီနာ
အူဒီးနိစ်	၁ – ၀	ဆမ်ဒိုးရီးယား။

(အင်တာနက်)

စုစည်းတင်ပြသူ
မြင့်မောင်စိုး

ပရီမီယာလိဂ် လက်ကျန်ပွဲများ ဆက်လက်ယှဉ်ပြိုင် ချယ်လ်ဆီးနှင့် လီဗာပူးတို့ နိုင်ပွဲများရရှိခဲ့ကြ

ချယ်လ်ဆီး အလယ်တန်းမှ အက်ဆီယန် (ယာ)**က ဝက်စ်ဟမ်းအသင်းမှ ထိုးဖောက်လာသည်ကို ဟန့်တားစဉ်။**
(ဓာတ်ပုံ–အင်တာနက်)

လန်ဒန် ဧပြီ ၁၉

ပရီမီယာလိဂ် လက်ကျန်ပွဲများကို ဧပြီ ၁၈ ရက်က ဆက်လက်ကစားရာ ဝက်စ်ဟမ်းနှင့် ချယ်လ်ဆီးတို့ပွဲတွင် ချယ်လ်ဆီးက လေးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိပြီး လီဗာပူးနှင့် မစ်ဒယ်ဘရော့တို့ပွဲတွင် လီဗာပူးက နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ဝက်စ်ဟမ်းနှင့် ချယ်လ်ဆီး

အဝေးကွင်းဖြစ်သော်လည်း ချယ်လ်ဆီးတို့ ဘောလုံးပိုင်ဆိုင်မှုများဖြင့် အနိုင်ကစားနိုင်ခဲ့သည်။ ချယ်လ်ဆီးတို့ ဂိုးသွင်းခွင့် အခွင့်အရေးများ ၁၄ကြိမ်ရရှိခဲ့ပြီး အပိုင်ကန်သွင်းခွင့် ခုနစ်ကြိမ်ရရှိခဲ့သည်။

သွင်းယူ

ချယ်လ်ဆီးအတွက် ဂိုးများကို ရိုက်ဖီးလစ်က ၃၁မိနစ်နှင့် ၃၆ မိနစ်တို့တွင် တစ်ဦးတည်း နှစ်ဂိုးသွင်းယူပြီး ပွဲချိန် ၅၂မိနစ်တွင် ကာလူးနှင့် ၆၂မိနစ်တွင် ဒရော့ဘာတို့က တစ်ဂိုးစီ သွင်းယူခဲ့သဖြင့် ချယ်လ်ဆီးတို့ လေးဂိုး ရှိခဲ့သည်။

ဝက်စ်ဟမ်းအတွက် ချေပဂိုးတစ်ဂိုးကို ပွဲချိန် ၃၅မိနစ်၌ တေဗက်ဇ်က သွင်းယူပေးခဲ့ခြင်းဖြစ်ရာ ဝက်စ်ဟမ်းတို့ အိမ်ကွင်း၌ ချယ်လ်ဆီးကို တစ်ဂိုး–လေးဂိုးဖြင့် ရှုံးနိမ့်ခဲ့ရခြင်း ဖြစ်သည်။

လီဗာပူးနှင့် မစ်ဒယ်ဘရော့

တိုက်စစ်မှူး ပီတာခရော့ချ်ကို တစ်ဦးတည်း ရှေ့၌တင်ကာ ကစားခဲ့သော လီဗာပူးသည် အိမ်ကွင်း၌ မစ်ဒယ်ဘရော့ကို အသာစီးကစားနိုင်ခဲ့သည်။ လီဗာပူးတို့ ဂိုးသွင်းခွင့် အခွင့်အရေးများ အများအပြားရရှိခဲ့သော်လည်း နှစ်ဂိုးသာသွင်းယူနိုင်ခဲ့ခြင်း ဖြစ်သည်။

အနိုင်ရရှိ

လီဗာပူးအတွက် အဖွင့်ဂိုးကို ပွဲချိန် ၅၈မိနစ်၌ စတီဗင်ဂျရတ်နှင့် ပွဲချိန် ၆၅မိနစ်၌ ပယ်နယ်တီပြစ်ဒဏ်ဘောမှတစ်ဆင့် ဂျရတ်ကပင်သွင်းယူပေးခဲ့ခြင်းဖြင့် လီဗာပူးတို့ နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ဘလက်ဘန်းနှင့် ဝက်ဖို့ဒ်တို့ပွဲတွင် ဘလက်ဘန်းက သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ **(အင်တာနက်)**

ငါး၊ ပုစွန် သယံဇာတတိုးပွားရေး ရေငန်ပုစွန်သားပေါက်များ မျိုးစိုက်ထည့်

မြိတ် ဧပြီ ၅

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန တနင်္သာရီတိုင်း ငါး၊ ပုစွန် သယံဇာတတိုးပွားရေး အစီအစဉ်တစ်ရပ်အဖြစ် ရေလုပ်ငန်းရှင်များ ဗင်းတော့ချ် ကုမ္ပဏီနှင့် ငါးလုပ်ငန်း ဦးစီးဌာနတို့ ပူးပေါင်း၍ ရေငန်ပုစွန်သားပေါက်များ မျိုးစိုက်ထည့်ပွဲ အခမ်းအနားကို မတ် ၁၉ရက် နံနက် ၈နာရီက မြိတ်ခရိုင် ပုလောမြို့နယ် သဲပုံကျေးရွာရှိ ဗင်းတော့ချ် ကုမ္ပဏီလီမိတက် ရေငန်ပုစွန် မွေးမြူရေးစခန်း၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ခင်ဇော်ဦး၊ တပ်မတော်အရာရှိများ၊ တိုင်း၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ရေလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

လွှတ်ပေး

အခမ်းအနားတွင် တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားပြီး တိုင်း ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမျိုးအောင်က မျိုးစိုက်ထည့်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများသည် ကျပ် ၄၅သိန်းတန်ဖိုးရှိ ပုစွန်သားပေါက်ကောင်ရေ ၁ဒသမ ၁၉ သန်းနှင့် ကဏန်းကောင်ရေ ၅၀၀ကို သဲပုံအလယ်ကျွန်း ချောင်းအတွင်းမှ ပင်လယ်တွင်းသို့ လွှတ်ပေးခဲ့ကြသည်။

(ခရိုင် ပြန်/ဆက်)

ရေးမြို့နယ် အစင်စံပြကျေးရွာ စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်

ရေး ဧပြီ ၁

မွန်ပြည်နယ် ရေးမြို့နယ် အစင်စံပြကျေးရွာ စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို မတ် ၁၈ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

ရေးဦးစွာ အစင်ကျေးရွာဥက္ကဋ္ဌ ဦးမောင်မြင့်က အစင် စံပြကျေးရွာ စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်လှစ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ မြို့နယ် ဥက္ကဋ္ဌ ဦးသိန်းဇော်၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးတင်ထွန်းနှင့် အစင် ကျေးရွာ ဥက္ကဋ္ဌ ဦးမောင်မြင့်တို့က အစဉ် စာကြည့်တိုက်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

လှူဒါန်း

ထို့နောက် အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်သက်နိုင်ဝင်းက စာကြည့်တိုက်အဆောက်အအုံသစ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး တိုင်းမှူးနှင့်ဇနီးတို့က စာအုပ် ၁၀၀ကို ပေးအပ်လှူဒါန်းသည်။

အလှူငွေ

ဆက်လက်၍ ကျေးရွာပြည်သူ ၄၀တို့က စာအုပ်ပေါင်း ၂၈၂၉ အုပ်နှင့် အလှူရှင် ကိုစု-မငယ်တို့က ငွေကျပ် ၂၃၅၀၀၀တန်ဖိုးရှိ ၂၁လက်မ ရုပ်မြင်သံကြားပြစက် တစ်လုံးနှင့် ဒီဗွီဒီ တစ်လုံး၊ ဦးအောင်မြင့်-ဒေါ်ကြည်ကြည်ဝင်းတို့က ငွေကျပ် ၁၇၀၀၀၀ တန်ဖိုးရှိ ဗီရိုနှစ်လုံးနှင့် ဦးထွန်းမြင့်-ဒေါ်နွယ်နွယ်ရီတို့က အဆောက်အအုံ သွပ်မိုးအတွက် တန်ဖိုး ငွေကျပ် ၁၅ သိန်းတို့ကို လှူဒါန်းကြသည်။

(မြို့နယ် ပြန်/ဆက်)

ယင်းမာပင်မြို့၌ ပညာရောင်ခြည်စာကြည့်တိုက်ဖွင့် ငွေပဒေသာပင်စိုက်ထူ၊ သုတရသစာအုပ်များလှူဒါန်း

ယင်းမာပင် ဧပြီ ၁၀

စစ်ကိုင်းတိုင်း ယင်းမာပင်မြို့နယ် ကုန်းကျေးရွာ ကျောင်းဓမ္မာရုံ၌ ပညာရောင်ခြည်စာကြည့်တိုက်ဖွင့်ပွဲနှင့် စာကြည့်တိုက် ငွေပဒေသာပင် ရန်ပုံငွေ စိုက်ထူပွဲ အခမ်းအနားကို မတ် ၂၉ရက် နံနက် ၈နာရီက ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ နာယကဆရာတော်ဦးသုဝဏ္ဏက စာကြည့်တိုက်ဖွင့်ပွဲ အထိမ်းအမှတ်ဂါထာတော်ကို ရွတ်ဖတ်တော်မူပြီး မြို့နယ်ဥက္ကဋ္ဌ ဦးစိုးလှိုင်၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်စိုးစိုးဝင်းနှင့် ကျေးရွာ ဥက္ကဋ္ဌ ဦးစိုးသန်းတို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်ပြီး အခမ်းအနားကိုကျင်းပရာ နာယကဆရာတော်ဦးသုဝဏ္ဏနှင့် ဦးရေဝတတို့က ဩဝါဒမိန့်ကြားပြီး မြို့နယ်ဥက္ကဋ္ဌ ဦးစိုးလှိုင်က စာကြည့်တိုက်အတွက် လိုအပ်သည်များကို ဖြည့်စွက်ပြောကြားသည်။

ရှင်းလင်းဆွေးနွေး

ထို့နောက် မြို့နယ်ဦးစီးမှူးဒေါ်စိုးစိုးဝင်းက စာကြည့်တိုက်များ ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကိုလည်းကောင်း၊ အလှူရှင် ဦးခင်မောင်စိုးက စာဖတ်ခြင်းအကျိုးကျေးဇူးများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးသည်။

ယင်းမာပင်မြို့နယ် ပညာရောင်ခြည်စာကြည့်တိုက်အတွက် ငွေပဒေသာပင် အဖြစ် နာယကဆရာတော်များနှင့်အလှူရှင်များ၊ ကျေးရွာသူ ကျေးရွာသားများက ငွေကျပ်သုံးသိန်းစိုက်ထူကြပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာကြည့်တိုက်အတွက် သုတရသစာအုပ် ၅၀ကို ပေးအပ်လှူဒါန်းသည်။

(မြို့နယ် ပြန်/ဆက်)

မွန်ပြည်နယ် မော်လမြိုင်မြို့ သမိုင်းဝင် ကျိုက်သလွန်စေတီ ပရိဝုဏ်အတွင်း ပြုပြင်တည်ဆောက်မှု လုပ်ငန်းများအတွက် ဧပြီ ၈ရက်က နှစ်ဖက်သောမိဘများအား ဦးထိပ်ထား၍ မွန်ပြည်နယ် ရေးမြို့နယ် တောင်ဘုံကျေးရွာနေ ဗိုလ်ကြီးအောင်ခင်-ဒေါ်ခင်ဝင်းမူ၊ သား မောင်သန့်စင်ထွန်း၊ ကျော်နိုင်လင်းမိသားစုက ငွေကျပ်တစ်သိန်းငါးသောင်း ပေးအပ်လှူဒါန်းရာ ဘုရားဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်းက လက်ခံယူစဉ်။ (၁၆၈)

သပိတ်ကျင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးများ မီးဘေးကြိုတင် ကာကွယ်ရေးနှင့် လုံခြုံရေးတို့အတွက် မတ် ၂၇ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျေးရွာ တာဝန်ရှိသူများနှင့် ဈေးသူဈေးသားများစုပေါင်း၍ ရွှေရတနာဈေးအတွင်း ဓာတ်တိုက် လေ့ကျင့်ရာသို့ မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးဟန်နှင့် မြို့နယ်အမှုဆောင်အရာရှိ ဦးဂျော့ချ်မျိုးမြင့်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

တီဘီရောဂါ တိုက်ဖျက်ရေး ရှင်းလင်းဆွေးနွေး

မိုးညှင်း ဧပြီ ၇

ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနားကို မတ် ၃၀ ရက် နံနက် ၉ နာရီက မိုးညှင်းခရိုင် ခုတင် ၁၀၀ ဆံ့ ဆေးရုံခန်းမ၌ ကျင်းပရာ ခရိုင်ဆေးရုံအုပ် ဒေါက်တာစန်းစန်းနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ခရိုင်နှင့်မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပုဂ္ဂလိကဆေးခန်းများမှ ဆရာဝန်များ၊ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးတင်လှိုင်က အမှာစကားပြောကြားပြီး တီဘီရောဂါကာကွယ်တိုက်ဖျက်ရေးအကြောင်း သိကောင်းစရာများကို မြို့နယ်တီဘီတိုက်ဖျက်ရေးအဖွဲ့ ခေါင်းဆောင် ဦးခင်မောင်သန်းက ရှင်းလင်းဆွေးနွေးသည်။

(မြို့နယ် ပြန်/ဆက်)

မြို့နယ် သတင်းများ

မီးဘေးအန္တရာယ် ကင်းဝေးစေရေးအတွက် ညောင်တုန်းမြို့မဈေး၌ မီးငြိမ်းသတ်ရေး ဓာတ်တိုက်လေ့ကျင့်

ညောင်တုန်း ဧပြီ ၁၀

ညောင်တုန်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးညွန့်တင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ဝင်းနောင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်မောင်၊ ဦးစီးအရာရှိ ဦးတိုးအောင်လွင်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးတင်မောင်ဝင်းတို့၏ ကြီးကြပ်မှုဖြင့် မြို့နယ်စည်ပင်သာယာရေး ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးစည်းကမ်းထိန်းသိမ်းရေးအဖွဲ့ဝင်များက မီးဘေးအန္တရာယ်ကင်းဝေးစေရေးအတွက်မီးငြိမ်းသတ်ရေး ဓာတ်တိုက်လေ့ကျင့်မှုများကို မြို့မစည်ပင်သာယာ ဈေးကြီးတွင် ဧပြီ ၁ ရက်က ဆောင်ရွက်ကြသည်။

ယင်းသို့မီးငြိမ်းသတ်ရေးဓာတ်တိုက် လေ့ကျင့်ရာတွင် မြို့နယ်မီးသတ် ဦးစီးဌာနမှ မီးသတ်ကားများ၊ မီးသတ် ရေစုပ်စက်များ၊ မြို့နယ်စည်ပင်သာယာ ဈေးမှ မီးသတ် ရေစုပ်စက်များဖြင့် စနစ်တကျလေ့ကျင့်မှုများကို လက်တွေ့ဆောင်ရွက်ခဲ့ကြသည်။ **(အပေါ်ပုံ)**

ထို့အပြင် မီးဘေးအန္တရာယ်ကြိုတင် ကာကွယ်ရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ခဲ့ကြောင်းသိရသည်။ **(၀၉၈)**

လုပ်ငန်းများ အကောင်အထည်ဖော်မှုအပေါ် ထူးချွန်ဝန်ထမ်းများ ဆုများပေးအပ်ချီးမြှင့်

ပြည် ဧပြီ ၁၀

စက်မှုလယ်ယာဦးစီးဌာန ပဲခူးတိုင်း (အနောက်ပိုင်း)၏ ၂၀၀၆-၂၀၀၇ခုနှစ် လုပ်ငန်းများ အကောင်အထည်ဖော်နိုင်မှုအပေါ် ထူးချွန်စွာဆောင်ရွက်ခဲ့သည့် ထွန်စက်စခန်းများနှင့် ထူးချွန်ဝန်ထမ်းများအား လုပ်ငန်းအမျိုးအစားအလိုက် ဆုပေးအပ်ပွဲ အခမ်းအနားကို ဧပြီ ၅ ရက် နံနက် ၉နာရီခွဲက စက်မှုလယ်ယာဦးစီးဌာန ပဲခူးတိုင်း(အနောက်ပိုင်း) တိုင်းရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဦးစီးဌာနမှူး ဦးဟန်ခင်က ၂၀၀၆-၂၀၀၇ ခုနှစ် လုပ်ငန်းဆိုင်ရာများ သုံးသပ်တင်ပြပြီး ဆုရရှိသည့် ထွန်စက်စခန်းများနှင့် ထူးချွန်ဝန်ထမ်းများအား တက်ရောက်လာကြသည့် တိုင်း၊ ခရိုင် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဆုချီးမြှင့်

ပြင်ဆင်ရေးထူးချွန်ဆုကို အမှတ် (၅၈)ထွန်စက်စခန်း ပေါက်ခေါင်းမြို့အား တိုင်းဦးစီးဌာနမှူးက ဆုပေးအပ်ချီးမြှင့်သည်။ **(ဝဲပုံ)** ထွန်စက်စခန်းအလိုက် ယှဉ်ပြိုင်မှု ခေါင်းစဉ်ငါးခုအရ ဆုရစခန်း ငါးခုနှင့်ဝန်ထမ်းများ၏ လုပ်အားယှဉ်ပြိုင်မှု ခေါင်းစဉ်လေးမျိုးအရ ဆုရဝန်ထမ်း ၃၇ ဦးတို့အား တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်သည်။

(ခရိုင် ပြန်/ဆက်)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်းအနောက်ဘက်) တိုးချဲ့မြေနှစ်ကေဝယ်ယူရန်နှင့် သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ရန်ကုန်မြို့ သုဝဏ္ဏ သင်္ဃန်းကျွန်းမြို့နယ် ဂန္ဓမာလမ်း အမှတ် ၄၀ နေ မောင်မင်းခန့်အောင်၏ လေးနှစ်ပြည့်မြောက် မွေးနေ့မင်္ဂလာအထိမ်းအမှတ်အဖြစ် အလှူငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် (နောင်တရား) အရှင်ကုဏ္ဍာစာရထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

မော်ကွန်းဝင်များအား ဂုဏ်ပြုငွေပေးအပ်

မော်ဘီ ဧပြီ ၁

မော်ဘီမြို့နယ် စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီက မော်ကွန်းဝင်ငါးဦးတို့အား ဂုဏ်ပြုပွဲအခမ်းအနားကို မတ် ၂၆ ရက် နံနက် ၈ နာရီကကျင်းပရာ အခမ်းအနားသို့ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် မော်ကွန်းဝင်ငါးဦးတို့ တက်ရောက်ကြသည်။

ထို့နောက် မော်ကွန်းဝင်ငါးဦးတို့အား မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့က တစ်ဦးလျှင် ငွေကျပ် ၇၅၀၀နှင့် ဗိုလ်မှူးမြင့်ဆွေ (ငြိမ်း၊ ဥက္ကဋ္ဌ)က တစ်ဦးလျှင် ငွေကျပ်၅၀၀၀ စီဂုဏ်ပြုပေးအပ်ခဲ့ကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

ကွယ်လွန်သူ မိဘနှစ်ပါးနှင့် အစ်ကို၊ အစ်မများဖြစ်သော ဒေါ်ခိုင်၊ ဦးဘသော်၊ဒေါ်သီလှ၊ ဒေါ်သိန်းရင်တို့အား ရည်စူး၍ ရန်ကုန်တိုင်းလသာမြို့နယ် လသာလမ်း အမှတ် ၁၂၈ နေ ညီမ ဒေါ်တင်တင်ဦးနှင့် (မောင်) ဦးစိန်လွင်တို့က ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ်ခြောက်သိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) အတွင်းရေးမှူးဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ကြီးကြပ်မှုဖြင့် မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့ပတ်လမ်းပေါ်တွင် စက်ယန္တရားများဖြင့် အမှိုက်များ၊ ဖုန်မှုန့်များမှုတ်ထုတ် အမှိုက်သိမ်းဆည်းခြင်းလုပ်ငန်းကို မတ် ၂၀ ရက်က စည်ပင်သာယာရေးဦးစီးဌာန (ရုံးချုပ်)ညွှန်ကြားရေးမှူး (အင်/ယာ) ဦးကျော်စိုးနှင့် ပြည်နယ်ညွှန်ကြားရေးမှူး ဦးတင်ချိုတို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။ (ပြည်နယ်စည်ပင်)

အမျိုးသမီးရေးရာအဖွဲ့ စကားဝိုင်းဆွေးနွေး အဆိုပြုလွှာများပေးအပ်ပွဲ တွန်းဇန်၌ကျင်းပ

တွန်းဇန် ဧပြီ ၁၂

ချင်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ဝါဝါသည် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့အမှုဆောင် ဒေါ်ခင်သန်းနွဲ့နှင့် ဖလမ်းခရိုင်အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်မို့မို့တင်ဦးတို့လိုက်ပါလျက် ဧပြီ ၆ ရက် နံနက် ၁၀ နာရီက တွန်းဇန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ တွန်းဇန်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင် ၅၀ နှင့်တွေ့ဆုံကာ စကားဝိုင်းဆွေးနွေးပွဲကျင်းပသည်။

စကားဝိုင်းဆွေးနွေးပွဲကျင်းပပြီးနောက် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ဝါဝါထံသို့ တွန်းဇန်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခိုင်ခိုင်ဦးက အမျိုးသမီးရေးရာအဖွဲ့ဝင် ၁၅၀ တို့၏ အဆိုပြုလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး ဆွေးနွေး

မော်လမြိုင်ကျွန်း ဧပြီ ၈

ဧရာဝတီတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်အေးသည် မြောင်းမြခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်မြင့် လိုက်ပါလျက် ဧပြီ ၂ ရက်က မြောင်းမြခရိုင် မော်လမြိုင်ကျွန်းမြို့နယ်အတွင်း ဖွင့်လှစ်ထားသော ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်တည်တံ့ရေး ဟောပြောပွဲများနှင့် စာကြည့်တိုက်အင်္ဂါရပ်များနှင့်အညီ စာကြည့်တိုက်ဖွင့်လှစ် ဆောင်ရွက်ခြင်းလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဟောပြော

တိုင်းလက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်အေးသည် မော်လမြိုင်ကျွန်းမြို့နယ်တံခွန်တိုင် ကျုံဝါးကျေးရွာအုပ်စု ကျုံဝါးကျေးရွာ ဒေါ်စိန်မြင့် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်၊ ဖိုးခမီဒေါင့်ကျေးရွာအုပ်စု ကျောင်းစုကျေးရွာ ရွှေရည်ဦး ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်နှင့် ကျွန်းကြီးကျေးရွာအုပ်စု ကျွန်းကြီးအထက်စုကျေးရွာ ပါရမီကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်တို့ ဖွင့်လှစ်ဆောင်ရွက်နေခြင်းလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်တည်တံ့ရေးအကြောင်း ဆွေးနွေးဟောပြောသည်။ **(အောက်ပုံ)**

လှူဒါန်း

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးအရာရှိ ဦးမောင်မောင်မြင့်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်မြင့်မြင့်ကြည်တို့က ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်၊စာစောင်များ ပေးအပ်လှူဒါန်းကြသည်။ (မြို့နယ် ပြန်/ဆက်)

လင်းခေးမြို့နယ် ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကြီးမှူး နွေရာသီ ပန်းချီစာလုံးဖော်၊ အဆိုအကနှင့် အားကစားသင်တန်းဖွင့်

လင်းခေး ဧပြီ ၆

လင်းခေးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ နွေရာသီပန်းချီ စာလုံးဖော်၊ အဆိုအကနှင့် အားကစားသင်တန်းဖွင့်ပွဲကို မတ် ၂၈ရက် နံနက် ၈နာရီက နွယ်ဝတီခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ နယ်မြေခံ တပ်နယ်မှ ဗိုလ်မှူးကြီးတင့်လွင်၊ ခရိုင်ဥက္ကဋ္ဌ ဦးစန်းမြင့်အောင်နှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်အဆင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ အမှုဆောင်များနှင့် အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့မှ အဖွဲ့ဝင်များ၊ အခြားလူမှုရေး အဖွဲ့အစည်းမှ တာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူ ၅၀နှင့် သင်တန်းနည်းပြ ဆရာဆရာမများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

သင်တန်းဖွင့်ပွဲတွင် ခရိုင်ဥက္ကဋ္ဌ ဦးစန်းမြင့်အောင်နှင့် မြို့နယ်ဥက္ကဋ္ဌ ဦးတင်စိုးတို့က အမှာစကားပြောကြားကြပြီး မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးစိုးကျော်ဌေးက သင်တန်းဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တာဝန်ရှိသူများက သင်တန်းသား သင်တန်းသူများအား သင်တန်းကာလအတွင်း အသုံးပြုရန် လိုအပ်သော ပစ္စည်းနှင့်ထောက်ပံ့စရိတ်များ ပေးအပ်လှူဒါန်းကြသည်။

(ခရိုင် ပြန်/ဆက်)

ရှမ်းပြည်နယ်(တောင်ပိုင်း)ဆီဆိုင်မြို့နယ်မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမြို့နယ်မန်နေဂျာ ဦးကျော်ကျင်နှင့် ဝန်ထမ်းများ စုပေါင်း၍ ခြံစည်းရိုး ကြက်ဆူဆီမှ ဇီဝဒီဇယ်ဆီအဖြစ် ထုတ်လုပ်သုံးစွဲပုံအဆင့်ဆင့် သရုပ်ပြပွဲကို မတ် ၂၃ ရက်က ဆီဆိုင်မြို့မစည်ပင်သာယာ ဈေးကြီးရှေ့၌ ကျင်းပရာ ကြက်ဆူ ဇီဝဒီဇယ်ဆီဖြင့် မီးထွန်းခြင်း၊ မီးဖိုဖြင့် ချက်ပြုတ်ခြင်းများ ပြသမှုကို မြို့နယ်ဥက္ကဋ္ဌ ဦးခိုင်ထွန်းနှင့် ဒေသခံပြည်သူများကြည့်ရှု လေ့လာကြစဉ်။ (ဝ၄၈)

ပင်လောင်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ နှစ်ပတ်လည်အစည်းအဝေး ထပ်ဆင့်ရှင်းလင်း အဖွဲ့ဝင်ကတ်နှင့် တံဆိပ်များပေးအပ်

ပင်လောင်း ဧပြီ ၆

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့၏ နှစ်ပတ်လည် အစည်းအဝေးထပ်ဆင့်ရှင်းလင်းပွဲနှင့်အဖွဲ့ဝင်ကတ်၊တံဆိပ်များပေးအပ်ခြင်း အခမ်းအနားကို မတ် ၁၄ ရက် မွန်းလွဲ ၁ နာရီခွဲက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့၏ နှစ်ပတ်လည် အစည်းအဝေးဆိုင်ရာ လုပ်ငန်းစဉ်များကို မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဖြူဖြူဝင်း၊ အမှုဆောင်ဒေါ်နန်းညွန့်စိန်တို့က ထပ်ဆင့်ရှင်းလင်းပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ခွဲများသို့ အဖွဲ့ဝင်ကတ်နှင့် တံဆိပ်များပေးအပ်ကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

ကျောက်ချောခင်း

နိုင်ငံတော် ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သည့် မေတ္တာမြို့ (မြို့ပြ) ငွေမေတ္တာလမ်း ကျောက်ချော တစ်ဖာလုံခင်းခြင်းလုပ်ငန်းကို မတ် ၁၈ ရက်က မြို့တာဝန်ခံ ဒုတိယ ဦးစီးမှူး ဦးထွန်းထွန်းဦးနှင့် အငယ်တန်း အင်ဂျင်နီယာ (၂) ဦးစိုးထိုက်ဦးတို့ ကြီးကြပ် ဆောင်ရွက်စဉ်။ (မြို့နယ် စည်ပင်)

ပဲခူး လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာသို့ ငွေလှူဒါန်း

ပဲခူး ဧပြီ ၁၂

ပဲခူးမြို့ ပန်းခြံကုန်းရပ်ကွက်တွင်တည်ရှိသော လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာသို့ အလှူငွေလှူဒါန်းပွဲ အခမ်းအနားကို ဧပြီ ၇ရက်က အဆိုပါခန်းမဆောင်၌ ကျင်းပသည်။

အလှူရှင် မြို့ရွှေမန်းသားဖိုးချစ်ဇာတ် အလှသဘင်၏ ဇာတ်မိသားစုက လှူဒါန်းငွေကျပ် ၆၉၀၀၄၀ကို ဇာတ်မိသားစုကိုယ်စား ဇာတ်မင်းသားဖိုးချစ်နှင့် အဖွဲ့က လှူဒါန်းရာ ပဓာနနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စက အလှူခံရယူသည်။**(ဝဲပုံ)**

အဆိုပါ ပန်းခြံကုန်းပရဟိတဂေဟာတွင် တက္ကသိုလ်အဆင့် နှစ်ဦး၊ အထက်တန်း အဆင့် ရှစ်ဦး၊ အလယ်တန်းအဆင့် ၁၀ ဦးနှင့် မူလတန်းအဆင့် ၆၀ တို့၏ စောင့်ရှောက်ပညာ သင်ကြားပေးလျက်ရှိပြီး ဘုန်းတော်ကြီးသင်ပညာရေးကျောင်းသား ကျောင်းသူ ၃၈၀ တို့ကိုလက်ခံ၍ သင်ကြားလျက် ရှိရာ အလှူငွေများ လှူဒါန်းလိုပါက ဖုန်း-၀၅၂-၂၄၁၄၅ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(၁၇၃)**

မဇ္ဈိမဒေသရှိ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် ဆောက်လုပ်နေဆဲဖြစ်သည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင်မြန်မာရဟန်းတော်များ၏အဖွဲ့ပိုင် သုံးထပ်ကျောင်းတော်ကြီး (ဗုဒ္ဓဘာသာပညာရေးဗိမာန်တော်ကြီး)အတွက် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် အလယ်ပစ္စယာ ဝေနေယျသုခရေချမ်းစင်အသင်း (၁၀၂)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ကျောင်းအလှူငွေကျပ်ငါးသိန်းကို အသင်း၏ကိုယ်စား ဦးကျော်သောင်း(ဥက္ကဋ္ဌ)၊ ဦးသိန်းဆောင်(ဒုတိယဥက္ကဋ္ဌ)၊ ဦးသိန်းတန် (အတွင်းရေးမှူး)တို့က ကျောင်းဖြစ်မြောက်ရေးဥက္ကဋ္ဌ ဆရာတော်ဦးရာဇိန္ဒ ရှေ့မှောက်၌ လှူဒါန်းရာ ကျောင်းအကျိုးတော်ဆောင် ဒေါ်ကေသက်မော်က လက်ခံယူစဉ်။ (က-ပ)

(၉၄)ကြိမ်မြောက် သွေးလှူဒါန်း

ရန်ကုန် ဧပြီ ၁၉

စစ်ကိုင်းတိုင်း မုံရွာခရိုင် ပုလဲမြို့နယ် ပုဖွာကျေးရွာ နယ်လှည့်သာသနာပြု မိုးကုတ်ကမ္မဋ္ဌာနာစရိယ ဓမ္မကထိက နိုင်ငံ့ဂုဏ်ဆောင် (လူမှုထူးချွန်ပထမဆင့်) ရန်ကုန်မြို့ ဒဂုံ မြို့သစ်(အရှေ့ပိုင်း) မြို့နယ် အောင်တော်မူကျောင်း မော်လမြိုင်ဆရာတော် ချင်းတွင်း အရှင်ကလျာဏ **(အပေါ်ပုံ)**သည် ရန်ကုန်မြို့ သဃ်န်းကျွန်း စံပြဆေးရုံကြီး သွေးလှူဘဏ်တွင် ဖေဖော်ဝါရီ ၂၈ ရက်က (၉၄)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်းသိရသည်။ **(က-ပ)**

ရန်ကုန်တိုင်း အမှတ် ၅၆ ဝါးတန်းလမ်း လမ်းမတော်မြို့နယ်နေ ရန်ကုန်-မော်လမြိုင် ပစ်တိုင်းထောင်(PTT)ယာဉ်လိုင်းပိုင်ရှင် ဒေါ်ကျင်တီအား ရည်စူး၍ ဦးဘဏ်ဟုတ်၊ သားသမီး၊ မြေးမိသားစုက ကျောင်းတော်ကြီး၌ ရဟန်းခံ၊ ရှင်ပြုမင်္ဂလာပွဲတွင် ဝိသာခါနှစ်ထပ်ကျောင်းဆောင်အတွက် အလှူငွေကျပ် ၁၂သိန်းကို မဟာနမှ ဆရာတော်ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ (သထုံဆရာတော်ကြီး) ရှေ့မှောက်၌ ရေစက်ချလှူဒါန်းရာ မဟာသင်္ဃသုခ ဂေါပက အလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဗိုလ်မှူးကြီးစောမြင့်(ငြိမ်း)က လက်ခံယူစဉ်။

(က-ပ)

ဆက်ကပ်လှူဒါန်း

အင်းစိန်မြို့နယ် ကြို့ကုန်း အနောက်ရပ်ကွက် ငါးကြိမ်မြောက် မဟာဒုက်ဆွမ်းဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းသိမ်းပွဲတွင် အလှူရှင်များကိုယ်စား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဆွေက အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ရွှေလင်းယုန် ဆရာတော် ဘဒ္ဒန္တ အရဝိန္ဒာဘိဝံသထံ အလှူငွေကျပ်တစ်သိန်းနှစ်သောင်းအား ဆက်ကပ် လှူဒါန်းစဉ်။ (က-ပ)

ဖာပွန်မြို့တွင် မီးသတ်အဆောက်အအုံသစ်ဖွင့်

ဘားအံ ဧပြီ ၇

ကရင်ပြည်နယ် ဖာပွန်မြို့ မီးသတ်အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၄ ရက် နံနက် ၈နာရီက ဖာပွန်မြို့ အမှတ်(၂)ရပ်ကွက် ပြည်တော်အေးဘုရားဝင်းအနီး၌ ကျင်းပသည်။

အခမ်းအနားသို့ နယ်မြေခံတပ်မဗိုလ်မှူးကြီးတင်မောင်ညွန့်၊ ဘားအံခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးစောမြတ်ထွဋ်ဝင်း၊ဖာပွန်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်နိုင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်ကွက်ပြည်သူများ တက်ရောက်ကြသည်။

ဖွင့်လှစ်

အခမ်းအနားတွင် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး တင်မောင်ညွန့်၊ ခရိုင်ဥက္ကဋ္ဌ ဦးစောမြတ်ထွဋ်ဝင်းနှင့် မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်နိုင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

မှာကြား

ဆက်လက်၍ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးတင်မောင်ညွန့်၊ ခရိုင်၊မြို့နယ်ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များသည် ဖာပွန်မြို့လယ် ကပေါချောင်းကူးတံတားတည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ တံတားတည်ဆောက်ရေးတာဝန်ခံ ဦးအတူးက တံတားတည်ဆောက်ရေးနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး လိုအပ်သည်များကို နယ်မြေခံ တပ်နယ်မှ ဗိုလ်မှူးကြီး တင်မောင်ညွန့်က မှာကြားခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

၁၃၆၉ ခုနှစ်
ကဆုန်လဆန်း ၆ ရက်
၂၁-၄-၂၀၀၇
(စနေနေ့)

မြန်မာ့အသံ နားဆင်စရာ

နံနက်ပိုင်း

၀၇:၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ မောရသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၀၉:၃၀ တူယှဉ်သီကြွေးစုံတွဲတေး
(၁) မိုးမဆုံး မြေမဆုံး (မောင်သိန်းဝင်း၊ နွဲ့ယဉ်ဝင်း)
(၂) ရင်ထဲကအချစ် (စန္ဒရား လှထွဋ်၊ ခင်နွဲ့နွဲ့)
(၃) သီတာကြောမှာ (ကိုမင်းနောင်၊ သန်းသန်းမေ)
၀၉:၄၅ အာဆီယံ အစီအစဉ်
၁၁:၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုး (နိုင်ငံတကာ ဈေးကွက်ဝင် ရေထွက်ပစ္စည်းထုတ်လုပ်မှု)
၁၁:၃၅ ရေဒီယိုမဂ္ဂဇင်း
(၁) နှစ်ဦးဆုမွန်(ခေါင်းကြီး)
(၂) တစ်နှစ်ကူးပြန်ပေါ့ (ဆောင်းပါးသရုပ်ဖော်)
၁၂:၀၀ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းများ
၁၂:၁၀ ကလေးများ၏ ပုံပြောပြိုင်ပွဲ(မြရတနာ)
၁၂:၄၅ (၂၁)ရာစုလူမှုဝေါဟာရမိတ်ဆက်-ပဉ္စမပိုင်း-မောင်ဆုရှင်(Dossit)

ညနေပိုင်း

၁၆:၁၀ သိမှတ်စရာ မြန်မာစကားမြန်မာစာ (ပုဂံခေတ်ဗုဒ္ဓဝင်စာပေ) (မောင်ခင်မင်-ဓနုဖြူ)
၁၇:၀၀ အဆို၊ အက၊ အရေး၊ အတီးဆုရ (စစ်ကိုင်းတိုင်းမှ ဒေါ်ကြူကြူခိုင်နှင့် ရန်ကုန်တိုင်းမှ ဒေါ်ပွင့်စပယ်တို့၏ ခေတ်ဟောင်း၊ကာလပေါ်)
၁၇:၁၅ ခေတ်ဟောင်းတေး
(၁) ရွှေပြည်တန် (မောင်တင်မောင်)
(၂) ပျို့ဆုတောင်း (တင်တင်အေး)
(၃) ရှုတိုင်းယဉ် (ရွှေညာမောင်)
၁၇:၃၀ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းများ
၁၇:၄၅ ကျန်းမာကြံ့ခိုင်ဒို့မဏ္ဍိုင် (အားကစားသမားများအတွက် စိတ်တည်ငြိမ်မှု-ဦးဉာဏ်ထွန်း ညွှန်ကြားရေးမှူး-အား/ကာ)
၁၈:၂၅ အင်္ဂလိပ်စကားပြောသင်ခန်းစာ (ဒေါ်နှင်းရည်)
၁၈:၄၀ လုပသာယာအိမ်ဂေဟာ (သန့်ရှင်းလင်းလက်အိမ်ခန်းအသွင် ကြွေပြားများနှင့် အလှဆင်)
၁၉:၁၅ မေတ္တာလက်ဆောင်ရတေးစီးရီး (အဝဋ္ဌာတေးထုတ်လုပ်ရေးမှ မေတ္တာလက်ဆောင် ပေးပို့သည့် မန္တလေးသိန်းဇော်၏ သောင်းထိုက်ကကျော်စီးရီး)
၂၀:၃၀ တေးသံစုံ (မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့)
၂၀:၄၀ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) မေတ္တာလမ်းစ ရှာမရဖွယ် (ကိုတင်ကိုး)
(၂) ချစ်ရလွန်းသူမို့ (အမာစိန်)
(၃) ချစ်သူကိုယ်စား(ကိုကျော်ညွှန့်)

ပေါင်းတည်မြို့ ဘိုးဘွားရိပ်သာ နှစ်ပတ်လည်နေ့ကျင်းပ အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ ပေးအပ်လှူဒါန်း

ပေါင်းတည် ဧပြီ ၂

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ပေါင်းတည်မြို့ ဘိုးဘွားရိပ်သာ (၇၇)နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားနှင့် ဘိုးဘွားများကန်တော့ပွဲကို မတ် ၁၈ရက် နံနက် ၈နာရီက ဘိုးဘွားရိပ်သာဝင်းအတွင်းရှိ စိန်ရတုခန်းမတွင် ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ပြည်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ခင်နှင့် အဖွဲ့ဝင်များ၊ လူမှုဝန်ထမ်းဦးစီးဌာန ပဲခူးတိုင်း(အနောက်ပိုင်း) တိုင်းဦးစီးမှူး ဒေါ်ခင်ခင်ပြုံးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဥက္ကဋ္ဌ ဦးကိုကိုလွင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

လှူဒါန်း

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကိုကိုလွင်၊ လူမှုဝန်ထမ်းဦးစီးဌာန တိုင်းဦးစီးမှူးဒေါ်ခင်ခင်ပြုံးနှင့် ဘိုးဘွားရိပ်သာဥက္ကဋ္ဌ ဦးတင်ထွန်းတို့က အမှာစကားပြောကြားကြပြီး ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းကို စာရင်းစစ်အဖွဲ့မှ ဦးမြင့်သိန်းက ဖတ်ကြားရှင်းလင်းပြီး အလှူငွေနှင့်လှူဖွယ်ပစ္စည်းများပေးအပ်လှူဒါန်းကြသည်။**(အောက်ပုံ)** **(၀၆၄)**

အောင်ရတနာ အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်း ၂၀၀၆ ခုနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ

ရွှေဘို ဧပြီ ၈

အောင်ရတနာ အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်၂၀၀၆ခုနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို မတ် ၁၁ ရက် မွန်းတည့် ၁၂ နာရီက ရွှေဘိုမြို့ အမှတ်(၂)ရပ်ကွက် မဟာနန္ဒာခန်းမတွင်ကျင်းပရာ ရွှေဘိုမြို့နယ် သမဝါယမဦးစီးဌာန ဦးစီးမှူး ဦးကျော်ဝင်း၊ အောင်ရတနာ အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းစုလီမိတက်ဥက္ကဋ္ဌ ဦးခင်မောင်အေးနှင့်အဖွဲ့ဝင်များ၊ မြို့နယ် အတွင်းရေးမှူး ဦးသန်းထွန်းနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ သမဝါယမအသင်းစုဝင် အသင်းသားများ တက်ရောက်ကြသည်။

ရှေးဦးစွာအခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးဦးသန်းထွန်းနှင့် မြို့နယ် သမဝါယမအသင်း ဦးစီးမှူး ဦးကျော်ဝင်းတို့က အဖွင့်အမှာစကားပြောကြားကြပြီး အောင်ရတနာသမဝါယမအသင်း လီမိတက်ဥက္ကဋ္ဌ ဦးခင်မောင်အေးက အသင်း ဖြစ်တည်မှုနှင့် လုပ်ငန်း လုပ်ဆောင်မှုများကို တင်ပြ၍ အသင်းသားတစ်ဦးက သမဝါယမအသင်းစု လီမိတက်၏ ၂၀၀၅-၂၀၀၆ ခုနှစ် စာရင်းစစ် အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းများကို ဖတ်ကြားတင်သွင်းသည်။

ထို့နောက် အသင်းဝင် ၁၀၈ သင်းအတွက် အစုပေါ်အကျိုးဝေစု ငွေကျပ် ၉၈၇၀၀၀ ကို ထုတ်ပေးကြောင်း သိရသည်။ **(အပေါ်ယာပုံ)** **(ခရိုင် ပြန်/ဆက်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ရွှေလီ(၁)ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး၊ လမ်းညွှန်မှာကြား

လက်ရှိရေအရင်းအမြစ်များအပြင် အခြားအလားအလာရှိသည်များ ဆက်လက်ရှာဖွေ စီမံကိန်းများမှ ထွက်ရှိလာမည့် လျှပ်စစ်ဓာတ်အားကို စနစ်တကျဖြန့်ဖြူးပေးမည့် မဟာဓာတ်အားလိုင်းစနစ်ကိုလည်း အချိန်ကိုက်ပြီးစီးအောင် တည်ဆောက်သွားရန်ဖြစ်

နေပြည်တော် ဧပြီ ၁၉

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်ခမ်းမြို့ အနောက်တောင်ဘက် (၁၇)မိုင်အကွာ မန်တက်ကျေးရွာအနီး ရွှေလီမြစ်ပေါ်၌ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၂)တည်ဆောက်ရေးက တာဝန်ယူ ဆောင်ရွက်လျက်ရှိသည့် ရွှေလီ(၁)ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများကို ယမန်နေ့က သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရောက်ရှိ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ရှမ်းပြည်နယ်

စာမျက်နှာ ၈ ကော်လံ ၁ ✻

ရွှေလီ(၁) ရေအားလျှပ်စစ်စီမံကိန်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ရွှေလီ(၁) ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မိုးလေဝသအခြေအနေ ၂၀-၄-၂၀၀၇

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။